## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲ အရိုအသေပြုလေ့၊ ရိုခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့ သည်တိုးပွားကုန်၏။ **ဓမ္မပဒ**



# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ



### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၃၄)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ တနင်္ဂနွေနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်ရေတိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး၊ ရေတိုက်ကာကွယ်ရေးနှင့် ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြား





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်ရေတိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၉**

ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီးညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ အကြားနေရာ၌ ရောဝတီမြစ်မှခွဲထွက်လာသော တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်ရေတိုက်စားမှု ဖြစ်ပေါ်ခဲ့ပြီး အဆိုပါရေတိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် ရန်ကုန်-မအူပင် လမ်းကြောင်းအတိုင်း ညောင်တုန်းကျွန်းတာ တာကိုယ်ထည်ရေတိုက်စားမှုဖြစ်ပွားခဲ့သည့်နေရာသို့ သွားရောက်ပြီး လမ်းကြောင်းတစ်လျှောက် ရေဝပ်ဧရိယာ ဖြစ်ပေါ်နေမှုများ၊ ရေဆင်းလမ်းကြောင်းပိတ်ဆို့နေမှုများ၊ ရေကျော်နေရာဖြစ်ပေါ်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

## Digital Smart မီတာအသစ်များကို Website မှ လျှောက်ထားခြင်းအပေါ် ဌာနမှဝန်ဆောင်မှုဆောင်ရွက်ပေးနေသည့် အခြေအနေများအား အသိပေးကြေညာခြင်း

၁။ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရှိသေးသည့် မိဘပြည်သူများ အနေဖြင့် အိမ်သုံးအပြင် စီးပွားရေး/စက်မှုလုပ်ငန်းများအတွက်ပါ လိုအပ်သည့် Digital Smart မီတာအသစ်များကို နိုင်ငံတော်အစိုးရထံမှ ဌားရမ်းအသုံးပြုရာတွင် လျင်မြန်စွာ ရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့်စရိတ်စကများ သက်သာစေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ Website မှတစ်ဆင့် ရုံးချုပ်သို့လျှောက်ထားနိုင်မည်ဖြစ်ကြောင်းနှင့်ဌာနမှ သတ်မှတ်ချက်ဖြင့် ကိုက်ညီသော လျှောက်ထားမှုများအတွက် သတ်မှတ်ကြေးပေးသွင်းရာတွင် ကြိုးကြပ်ခ၊ မီးသွယ်ခ၊ မီးဆက်ခအပါအဝင် ပေးသွင်းရမည့်နှုန်းထားများသည် ယခင်အတိုင်းပြောင်းလဲခြင်းမရှိဘဲ **စာမျက်နှာ ၂ ကော်လံ ၃ ▼**


မြဝတီ ဆောင်းပါး

**ICJ အမှုနှင့်ပတ်သက်၍ ရမ်းတုတ်မှန်းတုတ်ဆောင်းပါးတစ်ပုဒ်အား တုံ့ပြန်ခြင်း** စာ -၁၃ သို့

**မြန်မာ့ရိုးရာလက်မှုပစ္စည်းများ တရုတ်နှင့်ကိုရီးယားခရီးသွားများ စိတ်ဝင်တစားလှေ့လာဝယ်ယူ** စာ -၁၄ သို့


## ကုန်စည်စီးဆင်းမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရေး ဝိုင်းမော်မြို့နယ်အတွင်း ကုန်စစ်ဆေးရေးစခန်းဖွင့်လှစ်

**မြစ်ကြီးနား ဩဂုတ် ၂၉**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ကချင်ပြည်နယ်အတွင်း နယ်စပ်ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ နိုင်ငံတော်မှရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ တိုးပွားရရှိစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေးအတွက် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုအတွင်း မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းကို ယနေ့ဖွင့်လှစ်ပြီး လုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ ◆**

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၃၀ ရက်)

# စာတွေ့လက်တွေ့ ပေါင်းစပ်သိမြင် အနာဂတ်ကိုအလှဆင်

နိုင်ငံတိုင်းအတွက် မရှိလျှင်မဖြစ်သောအဖွဲ့အစည်းများတွင် တပ်မတော်သည်ထိပ်ဆုံးကပါရှိသည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဟူသောအယူအဆမှာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ယုံကြည်စွာလက်ခံခဲ့သောအယူအဆဖြစ်သည်။ ဖြတ်ကျော်ခဲ့ရသော နိုင်ငံ့သမိုင်းဖြစ်စဉ်များအရ အတိတ်ကာလမှ ယနေ့တိုင်မှန်ကန်လျက်ရှိသည်။ တပ်မတော်အင်အားရှိနေစေရေးအတွက် လူငယ်များအနေဖြင့် မိမိတို့တပ်မတော်၏သမိုင်းကြောင်းများကို ကျောင်းနေစဉ်အရွယ်ကတည်းက ထဲထဲဝင်ဝင်သိရှိထားပြီး သည်တာဝန်များမှာ မိမိတို့လက်ဆင့်ကမ်းထမ်းဆောင်ရမည့်တာဝန်များဖြစ်ကြောင်းကိုလည်း ခံယူထားကြရမည်ဖြစ်သည်။

မိမိနိုင်ငံကို မိမိတို့ ကောင်းစွာထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းမပြုနိုင်သည့်အခါ သူတစ်ပါးတို့၏ လွှမ်းမိုးအုပ်ချုပ်ခြင်းကိုခံခဲ့ရသည့်သမိုင်းကြောင်းလည်းရှိထားပြီးဖြစ်သည်။ တပ်မတော်အင်အားတောင့်တင်း ခိုင်မာသည့်ခေတ်ကာလများဖြစ်သည့် ပထမမြန်မာနိုင်ငံတော်ကိုတည်ထောင်သည့် အနော်ရထာမင်းကြီး၊ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်သည့် ဘုရင့်နောင်မင်းတရားကြီးနှင့် တတိယမြန်မာနိုင်ငံတော်ကိုတည်ထောင်သည့် အလောင်းမင်းတရားကြီးတို့သည် အင်အားတောင့်တင်းခိုင်မာသောတပ်မတော်များဖြင့် အင်ပါယာနိုင်ငံတော်များတည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ကုန်းဘောင်ခေတ်နှောင်း၌ မြန်မာတို့သူ့ကျွန်ဖြစ်ခဲ့ရသည့်အကြောင်းအရာများတွင် တပ်မတော်အင်အားမရှိခဲ့ခြင်းမှာလည်း အဓိကအကြောင်းအရာဖြစ်ခဲ့သည်။

ထို့ကြောင့်နိုင်ငံတော်အစိုးရသည် လူငယ်များနှင့်ပတ်သက်လာလျှင် အကောင်းမွန်ဆုံးသောလူငယ်များဖြစ်လာအောင်ပြုစုပျိုးထောင်လျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူများကို ပညာပြည့်ဝ၍ လက်ရုံးရည် နှလုံးရည်ထက်မြက်သူများဖြစ်အောင် စီမံဆောင်ရွက်လျက်ရှိသည်။ ထိုအစီအစဉ်များတွင် ကျောင်းသားလူငယ်များ နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာဗဟုသုတများစွာရရှိစေရန်၊ တပ်မတော်၏လုပ်ငန်းဆောင်ရွက်ချက်များ၊ တပ်မတော်၏တည်ဆောက်မှုများ၊ တီထွင်ဆန်းသစ်မှုများကို ကြည့်ရှုလေ့လာပြီး အနာဂတ်ရည်မှန်းချက်များပေါ်ထွက်လာစေရန်၊ တပ်မတော်အကြီးအကဲများ၏ နိုင်ငံတော်နှင့်တပ်မတော်အပေါ်ထားရှိသောစေတနာနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်ရည်မှန်းချက်များကို သိရှိစေရန်၊ မျိုးချစ်စိတ်ဓာတ်များရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီ၏ ပြင်ပလေ့လာမှတ်သားနားလည်မှုစွမ်းရည်တိုးတက်လာပြီး ပတ်ဝန်းကျင်ရှုခင်းများကိုကြည့်ခြင်းအားဖြင့် စိတ်ကြည်လင်လန်းဆန်းမှုရရှိစေပြီး သင်ကြားမှု၊ သင်ယူမှုများ ပိုမိုအားကောင်းလာစေမည်ဖြစ်သည်။ ကျောင်းသင်ခန်းစာများတွင် သင်ကြားနေရသည့် ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်း၊ တပ်မတော်သမိုင်း စသည်များနှင့်ပတ်သက်၍ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကိုယ်တွေ့လေ့လာခြင်းအားဖြင့် ဗဟုသုတပိုမိုတိုးပွားစေမည်ဖြစ်သည်။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ကို ၂၀၁၂ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ဖွင့်လှစ်ခြင်းဖြစ်သည်။ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့်မှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုလေ့လာနိုင်ပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို လာရောက်လေ့လာသူ ကျောင်းသား၊ ကျောင်းသူများအား ပြသပေးလျက်ရှိသည်။ ပြတိုက်တာဝန်ရှိသူများက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များပြသထားမှုများကို လိုက်လံရှင်းလင်းပြသကြသည်။ တပ်မတော်စစ်သမိုင်းပြတိုက်တွင် အတွင်းပြကွက်ခန်း၊ ပြင်ပပြကွက်များဖြင့် ပြခန်းပေါင်းများစွာပြသထားရှိပေရာ လေ့လာသူများအတွက် ဗဟုသုတတိုးပွားစေသည့်ပြတိုက်ကြီးဖြစ်သည်။

ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအားလုံးမှာ နိုင်ငံတော်ကိုချစ်မြတ်နိုးစိတ်၊ တပ်မတော်ကိုယုံကြည်အားကိုးစိတ်များအပြည့်အဝရှိနေကြရမည်ဖြစ်သည်။ ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုသကဲ့သို့ ဆရာကောင်းများက မိမိတို့၏တပည့်များအား နိုင်ငံ့သားကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးကြရမည်ဖြစ်သည်။ စာပေပညာ၊ အသိပညာ၊ ဗဟုသုတများပြည့်ဝပြီး မျိုးချစ်စိတ်ဓာတ်ရှိသူများဖြစ်လာစေရန် လမ်းကောင်းကိုပြညွှန်ကြရမည်ဖြစ်သည်။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ကိုထဲထဲဝင်ဝင်လေ့လာခြင်းအားဖြင့် မိမိနိုင်ငံ၏သမိုင်း၊ တပ်မတော်၏သမိုင်းများကို ပိုမိုသိရှိနားလည်လာကြမည်ဖြစ်သည်။ ထို့ပြင်မြန်မာဟူသောလူသားတို့သည် မြန်မာ့မြေပေါ်တွင်ပင်ဖြစ်တည်လာခဲ့ကြောင်းကိုလည်း ခိုင်မာသောအထောက်အထားများပြသထားသည့်အတွက် မြန်မာတို့သည်မြန်မာ့မြေပေါ်တွင်လွန်ခဲ့သည့်နှစ်သန်းပေါင်း (၄၀) ကတည်းက တည်ရှိနေထိုင်ခဲ့သည်ကိုလည်းသိရှိကြရမည်ဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတပ်မတော်၏သမိုင်းကြောင်းအမှန်များကို သိရှိဂုဏ်ယူနိုင်မည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ကို လာရောက်လေ့လာခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများအနေဖြင့် စာတွေ့လက်တွေ့ ပေါင်းစပ်ကာ မိမိတို့၏အနာဂတ်၊ နိုင်ငံတော်နှင့်တပ်မတော်၏အနာဂတ်ကို အကောင်းဆုံးစီမံဖန်တီးနိုင်သူများဖြစ်အောင် ကြိုးစားကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

▼ **ရှေ့ဖုံးမှအဆက်**

ပေးသွင်းရမည်ဖြစ်ကြောင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုသို့ကြေညာခဲ့မှုအပေါ် Digital Smart မီတာအသစ်များကို Website မှတစ်ဆင့် လျှောက်ထားခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်မှ ၂၈ ရက်ထိ လျှောက်ထားသူ ၉၆၈၆ ဦးရှိပြီး အဆိုပါလျှောက်လွှာများထဲတွင် ဌာနမှသတ်မှတ်ထားသောအချက်အလက်အထောက်အထားများ မပြည့်စုံခြင်း/ မကိုက်ညီခြင်းတို့ကြောင့် လျှောက်လွှာ ၂၄၈၂ စောင်ကို လျှောက်ထားသူများထံ ပြန်လည်အကြောင်းကြားပေးပို့ခဲ့ပြီး ပြည့်စုံသော လျှောက်ထားမှု ၇၂၀၄ စောင်အား ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ထိ တပ်ဆင်ပြီးစီးမှုမှာ ၁၃၃၁ လုံးဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လျှောက်ထားသူများအား ဆက်လက်စိစစ်၍ Digital Smart Meter အသစ်များကို အမြန်ဆုံးတပ်ဆင်ပေးသွားမည်ဖြစ်ပါသည်။ Website မှတစ်ဆင့် လျှောက်ထားမှုစနစ်အရ ဝန်ဆောင်မှုကို လျင်မြန်စွာပေးနိုင်သဖြင့် လျှောက်ထားပြီး ၂၇ နာရီအတွင်း ပထမဦးဆုံးမီတာကို စတင်တပ်ဆင်ပေးနိုင်ခဲ့ပါသည်။

၃။ ပြည်သူလူထုအနေဖြင့် လျှောက်ထားရာတွင် အခက်အခဲဖြစ်ပေါ်နေပါက ဌာနမှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် User Guide အား ဝန်ကြီးဌာန Website (www.moee.gov.mm)တွင် ဖော်ပြထားရှိပါကြောင်း အသိပေးပန်ကြားအပ်ပါသည်-

| | | |
|---|---|---|
| (က) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (ရုံးချုပ်) | - ၀၆၇-၃၄၁၀၄၆၀ |
| (ခ) | ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (YESC) | - ၁၇၁၇ |
| (ဂ) | မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (MESC) | - ၁၆၁၆<br>၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၊<br>၀၂-၄၀၇၂၆၁၈ (Hot Line) |
| (ဃ) | ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ | - ၀၆၇-၃၄၁၀၄၀၇<br>၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅ |

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၈-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၆:၄၅ ဓမ္မပူဇာတေး
၃။ ၀၇:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၀၇:၄၀ မြန်မာသံစဉ်ချိုနားဝင်
၅။ ၀၈:၅၀ မောင်မယ်လေးများသိစေချင်
၆။ ၀၉:၂၀ အမှတ်တရနေ့ရက်များ
၇။ ၁၀:၂၀ တစ်ပတ်အတွင်းအားကစားသတင်း
၈။ ၁၀:၃၀ စာပေနှင့်အနုပညာသတင်း
၉။ ၁၁:၄၀ သာယာသီကြွေးခေတ်ဆန်းတေး
၁၀။ ၁၃:၁၀ လေးစားအတုယူစံနမူ သူရဲကောင်းများ
၁၁။ ၁၃:၂၅ အိုဘယ့်သခင်တေးနှုယဉ်
၁၂။ ၁၅:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ၁၅:၄၀ ဇာတ်လမ်းတို
၁၄။ ၁၇:၁၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၁၅။ ၁၇:၃၀ သုတရသစုံလင်ဗဟုသုတပုံပြင်
၁၆။ ၁၈:၂၀ ပြည်သူ့ကြားက ပြည်သူ့စကား
၁၇။ ၁၈:၃၀ စိုက်ပျိုးသုတ
၁၈။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း ကြွပ်ကြွပ်အိတ်**
**သရုပ်ဆောင် - အောင်သီဟ၊ ရေကြည်ချမ်းမြ**
**ဒါရိုက်တာ - ယွန်း**

Online Newspaper

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးရဲစိုးအောင်

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အခြေခံပညာကျောင်းပေါင်းစုံ ဓမ္မစကြာ(အလွတ်) ပူဇော်ရွတ်ဆိုပြိုင်ပွဲမှ ဆုရအသင်းများအား ဂုဏ်ပြုဆုချီးမြှင့်



ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီတော်ကြီးရှိ သုံးထပ်ဆောင် သာသနာ့ဗိမာန်တော်၌ မြို့နယ်ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) နှင့် မြို့နယ်ပညာရေးဌာနတို့ဦးစီး၍ ပထမအကြိမ် အခြေခံပညာကျောင်းပေါင်းစုံ ဓမ္မစကြာ(အလွတ်)ပူဇော်ရွတ်ဆို ပြိုင်ပွဲမှ ဆုရအသင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဩဂုတ်လ ၂၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာကျောင်းပေါင်းစုံ ဓမ္မစကြာ(အလွတ်) ပူဇော်ရွတ်ဆိုပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းဦးက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို လျှောက်ထားသည်။

ဆက်လက်၍ အခြေခံပညာကျောင်းပေါင်းစုံ ဓမ္မစကြာ(အလွတ်) ပူဇော်ရွတ်ဆို ပြိုင်ပွဲကျင်းပရေးကော်မတီ ဩဝါဒါစရိယဆရာတော်ကြီးများက ဩဝါဒစကားမိန့်ကြားပြီး ဒုတိယအကြိမ်မြောက် ထပ်မံကျင်းပနိုင်ရေးအတွက် မတည်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် အခြေခံပညာကျောင်းပေါင်းစုံ ဓမ္မစကြာ(အလွတ်)ပူဇော်ရွတ်ဆိုပြိုင်ပွဲမှ ဆုရအသင်းများအား တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်မှတ်များ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲကို အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲကေ ၃၀၀၀ ကျော်စိုက်ပျိုးရန်လျာထား



ပွင့်ဖြူ ဩဂုတ် ၂၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲကေ ၃၀၀၀ ကျော် စိုက်ပျိုးရန် လျာထားကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ ပြောကြားချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲ ၃၃၁၂ ကေစိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလတွင် စတင်စိုက်ပျိုးမည်ဖြစ်ကာ လျာထားစိုက်ကေပြည့်မီစေရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားတော်ပဲ ၃၃၁၂ ကေစိုက်ပျိုးဖို့လျာထားပါတယ်။ စားတော်ပဲကို လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်မှာပါ။ တောင်သူတွေကို စားတော်ပဲစိုက်ပျိုးတာနဲ့ပတ်သက်ပြီး အထွက်နှုန်းတိုးတက်စေဖို့ အပင်အားဆေးနဲ့ မြေဩဇာစနစ်တကျသုံးစွဲတတ်စေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေ ထိထိရောက်ရောက်ဆောင်ရွက်နိုင်အောင် လိုအပ်တဲ့ တောင်သူအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါမယ်။ စားတော်ပဲက ပြည်တွင်းစားသုံးမှုများတဲ့ သီးနှံဖြစ်ပြီး ပြည်ပဈေးကွက်လည်းရှိတဲ့အတွက် တောင်သူတွေက နှစ်စဉ်အားထားစိုက်ပျိုးကြပါတယ်" ဟု ဒေါ်မိုးမိုးဝေကပြောသည်။

စားတော်ပဲကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ရာ တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ စားတော်ပဲကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# Thai Expo Mandalay 2026
# ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည်

မန္တလေး ဩဂုတ် ၂၉

ထိုင်း-မြန်မာစီးပွားရေးနယ်ပယ်အသီးသီးမှ ထုတ်ကုန်များစွာပါဝင်မည့် Thai Expo Mandalay 2026 ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ Mandalay Convention Centre(MCC)၌ လာမည့် အောက်တိုဘာလ ၂ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် အစားအသောက်ထုတ်ကုန်များ၊ အလှအပဆိုင်ရာပစ္စည်းများ၊ ဖက်ရှင်နှင့် လူနေမှုဆိုင်ရာပစ္စည်းများ၊ အိမ်သုံးပစ္စည်းများနှင့် အိမ်အလှဆင်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ၊ နိုင်ငံတကာကျောင်းများ၊ စက်ယန္တရားနှင့်ကိရိယာများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများပါဝင်မည်ဖြစ်သည်။

အဆိုပါပြပွဲကို သီတင်းကျွတ်ပွဲတော်မတိုင်မီ ကျင်းပမည်ဖြစ်ပြီး မိတ်ဖက်လုပ်ငန်းရှင်များနှင့်တွေ့ဆုံနိုင်ကာ ကောင်းမွန်သည့် စီးပွားရေးအခွင့်အလမ်းများကို ဖန်တီးနိုင်ခြင်း၊ Marketing Budget အသုံးပြုစရာမလိုခြင်းအပြင် ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များနှင့် တိုက်ရိုက်တွေ့ဆုံပြီး စီးပွားရေးအခွင့်အလမ်းများ ရရှိစေမည်ဖြစ်သည်။

ထို့ပြင် ထုတ်ကုန်ပစ္စည်းများ စုံစုံလင်လင်ရောင်းချနိုင်ပြီး မိမိတို့၏ထုတ်ကုန်များကို အကောင်းမွန်ဆုံးဈေးကွက်မြှင့်တင်နိုင်ကာ နယ်ပယ်အသီးသီးမှ စီးပွားရေးလုပ်ငန်းများကြား မတူညီသည့် စီးပွားရေးအခွင့်အလမ်းများကို ရရှိစေမည်ဖြစ်သည်။ ပြပွဲတွင် ဆိုင်ခန်းပေါင်း ၁၉၀ ပါဝင်ပြသမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်တင်**

# တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၃၈၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ငါးသောင်းကျော် အရောင်းအဝယ်ဖြစ်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်မြို့ရှိရန်ကုန်စတော့အိတ်ချိန်း၌ ဩဂုတ်လစတုတ္ထပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၃၈၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ငါးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဩဂုတ်လ ၂၄ ရက်မှ ၂၈ ရက်ထိ ငွေကျပ် ၃၈၇၉၄၄၀၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၂၄၆၄ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၈၄၃၁၅၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၆၈၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၁၁၄၃၆၀၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၂၇၁၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၁၀၆၆၆၅၀၀ တန်ဖိုးရှိစတော့ရှယ်ယာ ၈၂၁ စောင်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၁၀၉၅၄၀၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၆၀၅၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၁၃၄၂၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၆၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၁၉၄၂၅၉၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၀၄၇၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၁၂၁၅၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၉၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၄၇၀၇၇၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၀၅၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

ယခုတစ်ပတ်အတွင်း ကုမ္ပဏီသုံးခုမှအပ ကျန်ကုမ္ပဏီငါးခုမှာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအရောင်းအဝယ်ပြုလုပ်မှုမြင့်တက်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

မြဝတီ ကာတွန်း



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများကျင်းပ

နေပြည်တော်  ဩဂုတ် ၂၉

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများတက်ရောက်ကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော်  ဩဂုတ် ၃၀

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ



ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ရွာသစ်ကုန်း)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။



Naypyitaw State Academy မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော်  ဩဂုတ် ၂၉

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များ နိုင်ငံတော်၏ သမိုင်းနှင့်တပ်မတော်၏သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာဗဟုသုတများစွာ ရရှိစေရန်၊ တပ်မတော်၏လုပ်ငန်းဆောင်ရွက်ချက်များ၊ တပ်မတော်တည်ဆောက်မှုများ၊ တီထွင်ဆန်းသစ်မှုများကို ကြည့်ရှုလေ့လာပြီး အနာဂတ်ရည်မှန်းချက်များပေါ်ထွက်လာစေရန်၊ တပ်မတော်အကြီးအကဲများ၏ နိုင်ငံတော်နှင့် တပ်မတော်အပေါ်ထားရှိသောစေတနာနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် ရည်မှန်းချက်များကိုသိရှိစေရန်၊ မျိုးချစ်စိတ်ဓာတ်များရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များဖြစ်ပေါ်လာစေရန်၊ ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီ၏ ပြင်ပလေ့လာမှတ်သားနားလည်မှုစွမ်းရည် တိုးတက်လာပြီး ပတ်ဝန်းကျင်ရှုခင်းများကြည့်ရှုရင်း စိတ်ကြည်လင်လန်းဆန်းမှု ရရှိစေပြီး သင်ကြားမှု၊ သင်ယူမှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ Naypyitaw State Academy မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ရွာသစ်ကုန်း) မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်းရှိ ခေတ်အဆက်ဆက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင် ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များပြသထားမှုတို့ကိုလိုက်လံရှင်းလင်းပြောကြားရာ စစ်သမိုင်းပြတိုက်အတွင်းရှိ ရှေးမြန်မာမင်းများအသုံးပြုသည့် ပစ္စည်းများ၊ ရှေးမြန်မာမင်းများ၏ စစ်အင်္ဂါလေးပါးဖြင့် စစ်ထွက်တော်မူပုံ ပြသထားရှိမှုများ၊ ရှေးခေတ် မြန်မာ့တပ်မတော်သုံးပစ္စည်းများနှင့် သမိုင်းကြောင်းများကိုလည်းကောင်း၊ တပ်မတော် (ရေ) ပြခန်းတွင် မြန်မာနိုင်ငံအတွင်းရှိ ပင်လယ်ပြင်ဇရိယာ အကျယ်အဝန်းနှင့် ရေပိုင်နက်နယ်နိမိတ်ပြကွက်၊ ရှေးခေတ် မြန်မာ့ရေတပ်၊ ဂျပန်ခေတ်မြန်မာ့ရေတပ်နှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့ရေတပ်မှတ်တမ်းဓာတ်ပုံများ ခေတ်အဆက်ဆက် တပ်မတော် (ရေ)၏သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စစ်ရေယာဉ်ပုံစံငယ်များကိုလည်းကောင်း၊ တပ်မတော် (လေ) ပြခန်းတွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ)များ၏ဓာတ်ပုံမှတ်တမ်းများ၊ တပ်မတော်(လေ)၏ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ မူးယစ်ဆေးဝါးနှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်မှုဓာတ်ပုံမှတ်တမ်းများ၊ လေ




သူရဲကောင်းများမွေးထုတ်ပုံအဆင့်ဆင့် ဓာတ်ပုံမှတ်တမ်းများအပြင် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာမေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြင်ပပြကွက်များအနေဖြင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများနှင့် တပ်မတော်(လေ)ပြင်ပပြကွက်တွင်ခင်းကျင်း ပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ




ပြိုင်ပွဲကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို အသီးသီးဆုအဖြစ်ချီးမြှင့်ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

လေ့လာရေး သွားရောက်ခဲ့သည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသားများ၏စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-

"ကျွန်မတို့က တောင်ပေါ်ကျောင်းဆိုတော့ ကလေးတွေလည်း မတွေ့မမြင်ဖူးတာတွေ တွေ့ရပါတယ်။ သင်ခန်းစာထဲမှာ ထက်လက်တွေ့မှာမြင်ရတာဆိုတော့ သူတို့အတွက်ပိုပြီးအဆင်ပြေတာပေါ့။ မြန်မာပြည်ရဲ့ သမိုင်းကြောင်းတွေအစုံအလင်သိရတယ်၊ အဲ့ဒါကြောင့် လာရောက်လေ့လာခွင့်ရတဲ့အတွက် အရမ်းပျော်ပါတယ်။ အတွေ့အကြုံတွေ၊ ဗဟုသုတတွေအများကြီးရတဲ့အတွက် ဖိတ်ခေါ်ပေးတဲ့တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့စာသင်ကြားပေးတဲ့နေရာမှာကျတော့ နာမည်တွေပဲ သိရတာပါ။ ကျွန်မတို့ သမိုင်းကိုသင်တဲ့အခါမှာ လက်တွေ့မြင်ရတဲ့အတွက်သင်ကြားရေးမှာ အများကြီးအထောက်အကူဖြစ်ပါတယ်"ဟု ဆရာမတစ်ဦးကပြောသည်။

"အခုလိုလာရောက်လေ့လာရတဲ့အတွက် အရမ်းပျော်ပါတယ်။ သမီးတို့မသိသေးတဲ့ ဗဟုသုတတွေလည်း အများကြီးသိရပါတယ်။ ကျောင်းမှာဆိုရင် စာတွေပဲသင်ရပြီး အခုဆိုရင် လက်တွေ့လေ့လာခွင့်ရတဲ့အတွက် သေသေချာချာလေးလေ့လာနိုင်ပါတယ်။ အခုလိုမျိုး လေ့လာရေးခရီးတွေ လိုက်ပို့ပေးတဲ့အတွက် ကျောင်းစာတွေ သင်တဲ့အခါမှာလည်း အထောက်အကူဖြစ်ပါတယ်။ အသုံးလည်းဝင်ပါတယ်။ သမီးကြီးလာရင် နိုင်ငံတော်ကိုအကျိုးပြုမယ့် နိုင်ငံ့သမီးကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားမယ်လို့ သမီးဆုံးဖြတ်မိပါတယ်။ အခုလိုစီစဉ်ပေးတဲ့ အဘက်တက်က တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ ပြတိုက်တာဝန်ခံတွေ၊ ဆရာ၊ ဆရာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ကျောင်းသူတစ်ဦးက ပြောသည်။

(၁၀၀)

❒ **ကျောဖုံးမှအဆက်**

ဆောင်ရွက်ပေးလျက်ရှိမှု၊ ကုန်ထုတ်လမ်းများဖောက်လုပ်ပေးထားမှု၊ အရိပ်ရလေကာပင်များစိုက်ပျိုးထားရှိမှု၊ မွေးမြူရေးဇုန်များအလိုက် တိရစ္ဆာန်အစာများ လုံလောက်စွာရရှိနိုင်ရေး အစာစပ်စက်ရုံများဖြင့်ထုတ်လုပ်ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်အကြီးအကဲ တွံတေးမွေးမြူရေးဇုန်သို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက တွံတေးမြို့နယ် မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ သန်းကျော် ၈ သန်းခန့်၏ နေ့စဉ် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့်ဟင်းသီးဟင်းရွက်လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ဒေသတစ်ခု၊ **နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက်စီမံဆောင်ရွက်ကြရာတွင် မြေပြင်အခြေခံ ကိန်းဂဏန်းအချက်အလက်များပြည့်စုံပြီး မှန်ကန်မှုရှိရေးသည် အဓိကကျပြီး ယင်းအချက်အလက်များကို အခြေခံတွက်ချက်၍ စီမံချက်များရေးဆွဲကာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရ**ကြောင်း၊ **ပြည်သူများ သက်သာသောဈေးနှုန်းများဖြင့် အသား၊ ငါးနှင့် ဥများလုံလောက်စွာဝယ်ယူစားသုံးနိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက စီမံတွက်ချက် လျာထားဆောင်ရွက်သွားရန်လို**ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ချထားပေးသည့် မြေနေရာများအား အခြားနည်းများဖြင့် သုံးစွဲမှုများမရှိအောင်လည်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း။

## ❖ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ သန်းကျော် ၈ သန်းခန့်၏နေ့စဉ်အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေးအတွက် စိုက်ပျိုး မွေးမြူရေးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းဖြစ် . . .



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တွံတေးမြို့နယ် မွေးမြူရေးဇုန်အတွင်း ကြက်မွေးမြူထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးစဉ်။

မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လှောင်မွေးခြင်း၊ လှန်မွေးခြင်းနှင့် လွှတ်ကျောင်း၍မွေးခြင်းဆိုသည့် မွေးမြူနည်းသုံးမျိုးရှိကြောင်း၊ ထိုသို့မွေးမြူရာတွင်လည်း နည်းလမ်းများအလိုက်နည်းစနစ်တကျဖြင့်မွေးမြူရန်လိုကြောင်း၊ လှောင်မွေးခြင်းစနစ်ကို ဆောင်ရွက်ရာတွင်လည်း တိရစ္ဆာန်များကို အစာနှင့်ရေများလုံလောက်စွာဖြင့်ပြည့်ပြည့်ဝဝကျွေးမွေးရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်း(၄)သွယ်သည် မဖြစ်မနေလိုအပ်ကြောင်း၊ မွေးမြူသည့် တိရစ္ဆာန်အမျိုးအစားအလိုက် မျိုးကောင်းမွန်မှသာ ထုတ်လုပ်မှုများတိုးတက်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မြေပြုပြင်ခြင်းလုပ်ငန်း၌ မြေဩဇာများထည့်သွင်းအသုံးပြုရသကဲ့သို့ မွေးမြူရေးလုပ်ငန်းတွင်လည်း တိရစ္ဆာန်အစာကို လုံလောက်စွာကျွေးမွေးနိုင်ရန်လိုအပ်သဖြင့် တိရစ္ဆာန်အစာများ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေနှင့်အောင်ရေ လုံလောက်စွာရရှိရန်လိုသကဲ့သို့ တိရစ္ဆာန်များအတွက်လည်း သန့်ရှင်းသောရေလုံလောက်စွာရရှိရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ နည်းစနစ်တကျမွေးမြူပြီး အထွက်နှုန်းများတိုးတက်ကောင်းမွန်လာစေရေး အကောင်အရေအတွက်အလိုက် လိုအပ်မည့်မွေးမြူမည့်နေရာပမာဏ၊ ရေ၊ အစာနှင့် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်၊ စဉ်ဆက်မပြတ်သည့် မွေးမြူထုတ်လုပ်မှုစသည်ဖြင့်စနစ်ကျနသည့် မွေးမြူရေးအစီအမံများရှိရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်ရှိသူများအနေဖြင့် တွံတေးမြို့နယ်အတွင်းရှိ မွေးမြူရေးဇုန်များအတွင်း မွေးမြူရေးလုပ်ငန်းများတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ပြီး တိုင်းဒေသကြီးအတွင်း နေထိုင်သည့်ပြည်သူများ အသား၊ ငါးနှင့်ဥများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး စနစ်တကျစီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရန်ကုန်-တွံတေးသွား ကားလမ်းမကြီးတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားသို့ရောက်ရှိကြကာ နိုင်ငံတော်သမ္မတက ရန်ကုန်မြစ်အတွင်း မြစ်ကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား၌ ရန်ကုန်မြစ်အတွင်း မြစ်ကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးစဉ်။

**မြဝတီ**

# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ နံနက်ပိုင်းတွင် (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲမှ စိတ်ကြိုက်ယိမ်းပြိုင်ပွဲတွင်ပြိုင်ပွဲဝင်အဖွဲ့ ၆ ဖွဲ့က ဒို့တောရွာ၊ လက်ခတ်သံ၊ လယ်တောသူ၊ ရွှေညာသူသီချင်းများဖြင့်လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအက ပြိုင်ပွဲမှနှစ်ပါးသွားအကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အဖွဲ့ ၄ ဖွဲ့က သစ္စာထားနှစ်ပါးသွား အကအလှများဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲမှ မြန်မာဆိုင်း (အဖွဲ့လိုက်) ပြိုင်ပွဲကို ပြိုင်ပွဲဝင်အဖွဲ့ ၅ ဖွဲ့က မြိုင်ဆိုင် မြူးကြွလှသော တီးလုံးလက်သံများဖြင့်လည်းကောင်း၊ အတီးပြိုင်ပွဲတစ်ဦးချင်း (မောင်း) ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၀ ဦးက ပန်းဟောဝန်သီချင်းဖြင့် လည်းကောင်း၊ အတီးပြိုင်ပွဲ (ပတ်ဝိုင်း)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၇ ဦးက အောင်မင်္ဂလာယိုးဒယားသီချင်းဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်တီးခတ်ကြသည်။

အလားတူ ညပိုင်းတွင် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက အငြိမ့်နှင့်ပြဇာတ်များကို ပါဝင်ကပြယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှတာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ (၁၀၀)



စိတ်ကြိုက်ယိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



နှစ်ပါးသွားအကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



မြန်မာဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



အတီးပြိုင်ပွဲ တစ်ဦးချင်း (မောင်း)တွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။




အတီးပြိုင်ပွဲ (ပတ်ဝိုင်း)တွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။




အငြိမ့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ပြဇာတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



(၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ စတုတ္ထနေ့တွင်လာရောက်ကြည့်ရှုသည့် ဧည့်ပရိသတ်များကို တွေ့ရစဉ်။



(၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ စတုတ္ထနေ့တွင် စိစစ်အကဲဖြတ်သည့် ဒိုင်အဖွဲ့များကို တွေ့ရစဉ်။

# (၂၅)ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကျင်းပ




မြဝတီ သြဂုတ် ၂၉

ကရင်ပြည်နယ် မြဝတီမြို့ ထာဝရကရင်နှစ်သစ်ကူးကွင်း၌ (၂၅)ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာပွဲတော်ကို သြဂုတ်လ ၂၈ရက် နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါပွဲတော်တွင် သဘာပတိ ဦးအောင်ပြည်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြဝတီမြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်း အမြဲတမ်းနာယက မြဝတီမြို့ ကရင်အမျိုးသားထာဝရနှစ်သစ်ကူးကွင်းဖော်ဆောင်ရေး နာယက၊ မြဝတီတောင်ကလေးအေးရိပ်သာကျောင်းဆရာတော်အရှင်အဂ္ဂဝံသက သြဝါဒကထာမြွက်ကြားသည်။

ဆက်လက်၍ ပွဲတော်သို့ ကရင်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးစရင်ဌေး၊ မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲလင်းမောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ချင်းတို့က ချည်ဖြူဖွဲ့မင်္ဂလာဆိုင်ရာ စကားများကို ပြောကြားပြီး ပွဲတော်ကျင်းပရေးကော်မတီက (၂၅)ကြိမ်မြောက် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော် ဖြစ်မြောက်ရေးအတွက် အလှူငွေထည့်ဝင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကရင်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသားရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ အဘိုးအဘွားများထံမှ ချည်ဖြူဖွဲ့မင်္ဂလာခံယူကြပြီး မြဝတီမြို့၏ (၂၅)ကြိမ်မြောက် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကို မြဝတီမြို့တွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဒုတိယအကြိမ်စုပေါင်းသွေးလှူဒါန်း



စစ်ကိုင်း သြဂုတ် ၂၉

စစ်ကိုင်းပညာရေးတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ မန္တလေးပြည်သူ့ဆေးရုံကြီး၊ သွေးလှူဘဏ်တို့နှင့်ပူးပေါင်း၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို သြဂုတ်လ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် လှူဒါန်းကြသည့် သွေးလှူရှင်များကို စာရင်းကောက်ယူခြင်း၊ သွေးအမျိုးအစားစစ်ဆေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းနှင့် လိုအပ်သည့် စစ်ဆေးမှုများကိုဆောင်ရွက်ပြီး သွေးလှူရှင်များအား ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းနှင့် ဒုတိယပါမောက္ခချုပ်များက အာဟာရပြည့် အချိုရည်များ၊ ကြက်ဥများနှင့် အာဟာရမုန့်များ တိုက်ကျွေးသည်။

ထို့နောက် ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းက လှူဒါန်းကြသော သွေးအိတ်များအား မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များထံ ပေးအပ်လှူဒါန်းပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။

နေလင်းအောင်(ပြန်/ဆက်)

# VDP စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

မအူပင် သြဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို သြဂုတ်လ ၂၈ ရက် နံနက်ပိုင်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာမအူပင်မြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသောင်းဒန်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မအူပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတန်ဂျီးက ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ဆွေးနွေးပြောကြားပြီး စီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ငါးရွာ၌ ဆောင်ရွက်မည့်လုပ်ငန်းငါးခုအတွက်ရန်ပုံငွေများကို ကျေးရွာကော်မတီများထံ လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကော်မတီဝင်များ တက်ရောက်ကြောင်း သိရသည်။

ချမ်းမြေ့

**အိမ်မြင်ပဲ့မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။**

မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

## ရင်မှာဖူးတဲ့ ပန်းဦးငုံ

❒ လက်ဖက်တစ်ရိုး၊ ဆေးတစ်အိုးနှင့်
ကွမ်းရိုးတစ်ညှာ၊ ခဲဖွယ်သာနှင့်
လာပဲ့ စားပဲ့၊ ညှော်ခံကြသည့်
မြန်မာ့မြေဖွား၊ တိုင်းရင်းသားတို့
စိတ်ထားဖြူပုံ၊ အလုံးစုံနှင့်
ရိုးဂုဏ်သရုပ်၊ ရင်ကိုလှုပ်သော်
ကျွန်ုပ်စာဆို၊ ကဗျာဆိုသည်
ထိုဒေသဘွဲ့ အလှဘွဲ့။
ချစ်မေတ္တာဘွဲ့ အလွမ်းဘွဲ့။

❒ ယဉ်ကျေးသိမ်မွေ့၊ ထုံးဓလေ့နှင့်
မမေ့ရိုးရာ၊ နူးညံ့ပါလည်း
ကိုယ့်ရွာ ကိုယ့်ရပ်၊ သောင်းကျန်းကပ်၍
မိုက်ဇာတ်ခင်းကာ၊ ရန်စလာသော်
ဘာမထီဖွား၊ ဇာနည်များနှင့်
မခြားတူယှဉ်၊ တိုက်ပွဲဝင်ကာ
သက်ပင်စွန့်ရဲ၊ တုတ်ဓားဆွဲလျက်
မလှဲအလံ၊ ဖွဲ့သန်သန်နှင့်
ရဲမာန်သရုပ်၊ ရင်ကိုလှုပ်သော်
ကျွန်ုပ်စာဆို၊ ကဗျာဆိုသည်
ထိုရွာရပ်ဘွဲ့ သတ္တိဘွဲ့။
ချစ်မေတ္တာဘွဲ့ အလွမ်းဘွဲ့။

❒ လွမ်းမိလွမ်းရာ၊ လွမ်းကဗျာနှင့်
လွမ်းစာသီကုံး၊ လွမ်းမဆုံးဘဲ
လွမ်းတုန်းပဲထင်၊ စာဆိုရှင်ဟု
ချစ်ခင်သောအား၊ မိတ်ဆွေများက
ငါ့အားကျီစယ်၊ သွမ်းသွေးနွှယ်တိုင်း
ငါဘယ်သို့မျှ၊ ခွန်းမဟလည်း
ငါ့ရင်ထဲကြည့်၊ အဖြေရှိ၏
မိမိမြို့ရွာ၊ သာသနာနှင့်
ဘာသာဓလေ့၊ ထုံးအငွေ့၌
မွေ့လျော်စူးနစ်၊ ရှိသည်ဖြစ်၍
ချစ်ခြင်းတည်ဆောက်၊ ကဗျာမြောက်လျှင်
ဆိပ်တောက်အလျှင်း၊ မရှိကင်းဟု
ရင်းတွင်းပန္နက်၊ ယုံကြည်ချက်ဖြင့်
တောနက်ကိုကျော်၊ တောင်ထိပ်ပေါ်သွား
လျှိုမြောင်ကြားနင်း၊ လမ်းသစ်ခင်းလျက်
ချစ်ခြင်းအသချေ၊ မဆုံးလေသမျှ
ကိုယ့်ရေ ကိုယ့်မြေ၊ မြတ်နိုးနေသမျှ
တွေဝေမဲ့မူး၊ သီဖွဲ့ဦးမည်
ကြည်နူးဆွတ်ပျံ့ အလွမ်းဂုဏ်။
မြို့ဘွဲ့ရွာဘွဲ့ ဒေသစုံ။
ရင်မှာဖူးတဲ့ ပန်းဦးငုံ။ ။

မြင်းမူမောင်နိုင်မိုး

# လမ်းလျှောက်ပုံပြောင်းလဲလာခြင်းက ပုံမှန်အိုမင်းရင့်ရော်မှုလား

ဒေါက်တာသိင်္ဂီကျော်

လူတစ်ဦး၏လမ်းလျှောက်ပုံသည် ထိုသူ၏ ကျန်းမာရေးနှင့် ခန္ဓာကိုယ်ပြောင်းလဲမှုများကို အချိန်အတော်ကြာဖော်ထုတ်နိုင်သည်။ အသက်အရွယ်ရလာသည်နှင့်အမျှ လူတချို့တွင် ခြေလှမ်းစိပ်စိပ်လှမ်းခြင်း၊ ပိုနှေးနှေးလျှောက်ခြင်း၊ ခြေထောက်များကို အနည်းငယ်ဆွဲငင်ခြင်း သို့မဟုတ် ဘေးတစ်ဖက်တစ်ချက်သို့ ယိမ်းထိုးခြင်းများ စတင်လာကြသည်။ ထိုပြောင်းလဲမှုများကို အသက်အရွယ်ကြောင့်ဟု အပြစ်တင်လေ့ရှိသည်။ သို့သော်လည်း လမ်းလျှောက်ပုံပြောင်းလဲမှုတိုင်းကို အိုမင်းရင့်ရော်မှုတစ်ခုတည်းဖြင့် ရှင်းပြ၍မရကြောင်း သတိပြုရန် လိုအပ်သည်။

လူတစ်ဦးလမ်းလျှောက်နိုင်ခြင်းသည် ကြွက်သားခွန်အား၊ အဆစ်ပျော့ပျောင်းမှု၊ ဟန်ချက်ထိန်းညှိနိုင်မှု၊ မျက်စိအမြင်အာရုံနှင့် အာရုံကြောစနစ်များ အတူတကွလုပ်ဆောင်မှုနှင့် ကျန်းမာရေးတို့အပေါ်တွင် မူတည်သည်။ အသက်ကြီးလာသည်နှင့်အမျှ ထိုနေရာများထဲက တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောနေရာများတွင် ပြောင်းလဲမှုများတွေ့ကြုံရသောအခါ လမ်းလျှောက်ပုံလည်း ပြောင်းလဲလာနိုင်သည်။ အသက် ၆၀ ကျော်တွင် လူတစ်ဦး၏ လမ်းလျှောက်ပုံကွဲပြားလာခြင်းကို အသက်ကြီးလာခြင်း၏ပုံမှန်အကျိုးဆက်တစ်ခုဟု အလိုအလျောက်လက်မခံသင့်ကြောင်း သတိပြုရန်လိုအပ်သည်။

**အသက်အရွယ်ရလာသည်နှင့်အမျှ လမ်းလျှောက်ပုံပြောင်းလဲလာခြင်း**

အဓိကအကြောင်းရင်းတစ်ခုမှာ ကြွက်သားခွန်အားဆုံးရှုံးခြင်းကြောင့်ဖြစ်သည်။ တင်ပါးဆုံရိုး၊ ပေါင်နှင့် ခြေသလုံးအောက်ပိုင်းတစ်ဝိုက်ရှိကြွက်သားများက ခြေလှမ်းတိုင်းတွင် ခန္ဓာကိုယ်ကို တည်ငြိမ်အောင် ကူညီပေးသည်။ အားနည်းလာသောအခါ လမ်းလျှောက်မှုနှေးကွေးလာနိုင်သကဲ့သို့ ယုံကြည်မှုလည်း လျော့နည်းသွားနိုင်သည်။ အဆစ်ပြဿနာများကလည်း အကြောင်းရင်းတစ်ခုအနေဖြင့် ပါဝင်နိုင်သည်။ တင်ပါးဆုံရိုး သို့မဟုတ် ဒူးခေါင်းအဆစ်ရောင်ရမ်းခြင်းက လှုပ်ရှားမှုတချို့ပြုလုပ်ရာတွင် နာကျင်စေနိုင်သောကြောင့် လူတစ်ဦး၏ ခြေလှမ်းများကို စိပ်သွားစေနိုင်သည့်အပြင် ကိုယ်အလေးချိန်ကိုလည်း သိသာစွာပြောင်းလဲစေနိုင်သည်။ ယခင်ဒဏ်ရာများ၊ ကျောရိုးပြဿနာများ၊ ခြေထောက်ပြဿနာများနှင့် အာဟာရချို့တဲ့မှုတချို့ကလည်း လှုပ်ရှားမှုကိုထိခိုက်စေနိုင်သည်။ တခြားဖြစ်နိုင်ခြေရှိသောအကြောင်းရင်းများမှာ တင်ပါးဆုံရိုးအဆစ်ရောင်ခြင်း၊ ဗီတာမင်ချို့တဲ့ခြင်း၊ အာရုံကြောနှင့်ကြွက်သားဆိုင်ရာရောဂါအမျိုးမျိုးတို့ ပါဝင်နိုင်သည်။ National Institute on Aging က အသက်အရွယ်နှင့်ဆက်စပ်သော ကြွက်သားဆုံးရှုံးမှု၊ ဟန်ချက်ထိန်းညှိနိုင်မှုနှင့် လမ်းလျှောက်ပုံပြဿနာများ၊ ခြေထောက်နာကျင်မှုနှင့် ဆေးဘက်ဆိုင်ရာ အခြေအနေတချို့ကြောင့် သက်ကြီးရွယ်အိုများတွင် လဲကျနိုင်ခြေကိုမြင့်တက်စေနိုင်ကြောင်း မှတ်ချက်ပြုထားသည်။

**လျစ်လျူမရှုသင့်သည့် လမ်းလျှောက်သောအခါ ယိုင်ခြင်း၊ ဟန်ချက်မထိန်းနိုင်ခြင်းနှင့် ခြေရှပ်တိုက်လျှောက်ခြင်း**

Waddling Gait (ခေါ်)ဘဲသွားသွားဟန်ကဲ့သို့ ရွေ့လျားသည့်အခါ ခန္ဓာကိုယ်သည် ဘေးတစ်ဖက်မှ တစ်ဖက်သို့ ယိုင်ခြင်းနှင့်လှုပ်ခါခြင်း သို့မဟုတ် ယက်ကန်ယက်ကန်လမ်းလျှောက်ခြင်းသည် တင်ပါးနှင့် တင်ပါးဆုံရိုးကို ထောက်ပံ့ပေးသော ကြွက်သားများ အားနည်းလာသောအခါ ဖြစ်ပွားနိုင်သည်။

Shuffling Gait (ခေါ်)ခြေထောက်ရှပ်တိုက်၍ လမ်းလျှောက်သွားလာခြင်းသည် ခြေထောက်များ မြေပြင်မှ ကောင်းစွာမမြှောက်နိုင်သောကြောင့် ခြေထောက်များကိုဆွဲယူ၍ လမ်းလျှောက်ရခြင်းဖြစ်သည်။ ခြေလှမ်းစိပ်စိပ်လှမ်းပြီး ခြေထောက်အကွာအဝေးလျော့နည်းခြင်းနှင့် တည်ငြိမ်မှုနည်းသည်ဟု ခံစားရသောကြောင့် ဘယ်ညာခြေထောက်ချ၍ လမ်းလျှောက်သော ကိုယ်ဟန်အနေအထားသည် ဟန်ချက်ထိန်းညှိနိုင်မှု၊ ညှိနှိုင်းဆောင်ရွက်နိုင်မှုနှင့် အာရုံခံစားမှုဆိုင်ရာပြဿနာများရှိကြောင်းလည်း ညွှန်ပြနိုင် သည်။ နှေးကွေးပြီး ဘယ်ညာခြေထောက်ချ၍ ဂရုတစိုက်လမ်းလျှောက်ခြင်းသည် ဟန်ချက်ညီနိုင်မှု လျော့နည်းခြင်း သို့မဟုတ် လဲကျမည်ကို ကြောက်ရွံ့ခြင်းတို့ကို ညွှန်ပြလေ့ရှိသည်။

Stooped Posture ပုံစံသည် ကုန်းနေသောကိုယ်ဟန်အနေအထား သို့မဟုတ် လမ်းလျှောက်ခြင်း စတင်ရန်နှင့် လမ်းလျှောက်စည်းချက်ကိုထိန်းသိမ်းရန်ခက်ခဲခြင်းဖြစ်ပြီး တစ်ခါတစ်ရံတွင် အာရုံကြောဆိုင်ရာပြဿနာများနှင့် ဆက်စပ်နေနိုင်သည်။ ကုန်းနေသော သို့မဟုတ် နှေးကွေးစွာလမ်းလျှောက်သော အသက်ကြီးသူတိုင်းတွင် အာရုံကြောဆိုင်ရာရောဂါရှိသည်ဟု မဆိုလိုဘဲ ဆေးဘက်ဆိုင်ရာစစ်ဆေးမှုများ ခံယူရန် လိုအပ်သည်။

**စိတ်ပူသင့်သော လမ်းလျှောက်ပုံ ပြောင်းလဲလာခြင်းပုံစံများ**

လမ်းလျှောက်သောပုံစံ တဖြည်းဖြည်းပြောင်းလဲလာခြင်းသည် ဆေးကုသမှုခံယူသင့်သော်လည်း ရုတ်တရက်ပြောင်းလဲမှုသည် အရေးပေါ်အန္တရာယ် သို့မဟုတ် ကုသမှုအခွင့်အလမ်းများရှိနိုင်သောကြောင့် ရုတ်တရက်ပြောင်းလဲမှုက ပို၍အရေးကြီးသည်။

ရုတ်တရက်လမ်းလျှောက်ရန်ခက်ခဲလာခြင်း သို့မဟုတ် လမ်းလျှောက်ပုံ သိသိသာသာကွဲပြားလာခြင်း အထူးသဖြင့် လဲကျခြင်း၊ မူးဝေခြင်း၊ အားနည်းခြင်း၊ ထုံကျဉ်ခြင်း၊ နာကျင်ခြင်း၊ တောင့်တင်းခြင်းနှင့် ထိန်းညှိနိုင်မှုညံ့ဖျင်းခြင်းတို့ဖြစ်ပွားပါက အိုမင်းခြင်း၏အစိတ်အပိုင်းအဖြစ်သာ မယူဆသင့်ဘဲ စစ်ဆေးမှုများလုပ်ဆောင်သင့်သည်။ ရုတ်တရက် လမ်းလျှောက်ရခက်ခဲခြင်း၊ ဟန်ချက်ပျက်ခြင်း သို့မဟုတ် ထိန်းညှိနိုင်မှုမရှိခြင်း၊ မျက်နှာကျခြင်း၊ ခန္ဓာကိုယ်တစ်ဖက်တစ်ချက် အားနည်းခြင်း သို့မဟုတ် ထုံကျဉ်ခြင်း၊ စကားပြောရခက်ခဲခြင်း၊ အမြင်အာရုံပြောင်းလဲခြင်း၊ ပြင်းထန်စွာခေါင်းကိုက်ခြင်းတို့ခံစားရပါက လေဖြတ်ခြင်း၏လက္ခဏာများဖြစ်နိုင်သည်။ လေဖြတ်ခြင်းကုသမှုသည် အချိန်ကာလတစ်ခုပေါ်မူတည်သောကြောင့် ရောဂါလက္ခဏာများ တိုးတက်လာမှုရှိ၊ မရှိကို စောင့်ကြည့်ရန် အချိန်မယူဘဲ အမြန်ဆုံးစစ်ဆေးမှုခံယူသင့်သည်။

ဟန်ချက်ထိန်းညှိမှုပြဿနာများသည် ဆေးဘက်ဆိုင်ရာအခြေအနေများနှင့် ဆေးဝါးများအပါအဝင် အကြောင်းရင်းများစွာရှိနိုင်သည်။ National Institute on Aging ကလည်း မူးဝေခြင်း၊ ယိုင်ထိုးခြင်းနှင့် လဲကျသကဲ့သို့ခံစားရခြင်းသည် ဟန်ချက်ထိန်းညှိမှု မူမမှန်ခြင်းနှင့်အတူ တွဲဖက်ဖြစ်ပွားနိုင်ကြောင်း ထောက်ပြထားသည်။ ထို့ကြောင့် ဟန်ချက်ထိန်းညှိမှုပြဿနာများ ထပ်တလဲလဲဖြစ်ခြင်းကို အိုမင်းခြင်း၏အစိတ်အပိုင်းတစ်ခုအဖြစ်သာ မယူဆသင့်ဘဲ ဆေးဘက်ဆိုင်ရာစစ်ဆေးမှုများ လုပ်ဆောင်သင့်သည်။

**ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်းကို ကာကွယ်ပေးနိုင်သောနည်းလမ်းများ**

အသက်ကြီးလာသူများ ငယ်ရွယ်သူတစ်ယောက်ကဲ့သို့ လမ်းလျှောက်နိုင်ရန်အတွက် ကြိုးစားရန်မဟုတ်ဘဲ ဘေးကင်းစွာလှုပ်ရှားနိုင်ရေးအတွက် လုံလောက်သောခွန်အား၊ ဟန်ချက်ညီမှုနှင့် ယုံကြည်မှုကို ထိန်းသိမ်းထားရန်လိုအပ်သည်။ ပုံမှန်လမ်းလျှောက်ခြင်းက ကျန်းမာရေးအတွက် အသုံးဝင်သော်လည်း ခွန်အားနှင့် ဟန်ချက်ညီမှုရှိရန်အရေးကြီးသည်။ ရိုးရှင်းသောလေ့ကျင့်ခန်း၊ ခုခံအားလေ့ကျင့်ခန်းနှင့် ဟန်ချက်ညီလှုပ်ရှားမှုများကို ဘေးကင်းစွာလုပ်ဆောင်သောအခါ ရုပ်ပိုင်းဆိုင်ရာလုပ်ဆောင်ချက်များကို ထိန်းသိမ်းရန် ကူညီပေးနိုင်သည်။ အသက်ကြီးသူများအတွက် ကြွက်သားအားကောင်းစေသောလေ့ကျင့်ခန်းများနှင့် ဟန်ချက်ညီလေ့ကျင့်ခန်းများကို ပေါင်းစပ်လုပ်ဆောင်ရန် အကြံပြုထားသည်။ ကောင်းမွန်သောဖိနပ်သည်လည်း အရေးပါသည်။ သင့်လျော်သောဖိနပ်သည် တည်ငြိမ်မှုနှင့် ဆုပ်ကိုင်မှုကိုပေးစွမ်းနိုင်ပြီး ချော်မလဲအောင်ထိန်းပေးနိုင်သည်။ အမြင်အာရုံကို ပုံမှန်စစ်ဆေးသင့်ပြီး မူးဝေခြင်းနှင့် အိပ်ငိုက်ခြင်းကိုဖြစ်စေသော ဆေးဝါးများကို ဆရာဝန်ထံ ပြသဆွေးနွေးသင့်သည်။

အချုပ်ဆိုရသော် လူတစ်ဦးလမ်းလျှောက်ပုံပြောင်းလဲခြင်းက တစ်ခုခုမှားယွင်းနေသည့်လက္ခဏာမဟုတ်ကြောင်း သတိပြုသင့်ပါသည်။ အရေးအကြီးဆုံးမှာ သက်ကြီးရွယ်အိုများ၏ လမ်းလျှောက်ပုံပြောင်းလဲသွားသည်နှင့် ပြောင်းလဲရသည့်အကြောင်းရင်းများကို ရိုးရိုးရှင်းရှင်းလက်ခံမည့်အစား အတူနေမိသားစုဝင်များက သိရှိပြီး ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်ရန် လိုအပ်ကြောင်း ကျန်းမာရေးသုတ မျှဝေလိုက်ရပါသည်။

**"လူတစ်ဦးလမ်းလျှောက်နိုင်ခြင်းသည် ကြွက်သားခွန်အား၊ အဆစ်ပျော့ပျောင်းမှု၊ ဟန်ချက်ထိန်းညှိနိုင်မှု၊ မျက်စိအမြင်အာရုံနှင့် အာရုံကြောစနစ်များ အတူတကွ လုပ်ဆောင်မှုနှင့် ကျန်းမာရေးတို့အပေါ်တွင် မူတည်သည်။ အသက်ကြီးလာသည်နှင့်အမျှ ထိုနေရာများထဲက တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောနေရာများတွင် ပြောင်းလဲမှုများ တွေ့ကြုံရသောအခါ လမ်းလျှောက်ပုံလည်း ပြောင်းလဲလာနိုင်သည်။ အသက် ၆၀ ကျော်တွင် လူတစ်ဦး၏ လမ်းလျှောက်ပုံကွဲပြားလာခြင်းကို အသက်ကြီးလာခြင်း၏ ပုံမှန်အကျိုးဆက်တစ်ခုဟု အလိုအလျောက်လက်မခံသင့်ကြောင်း သတိပြုရန် လိုအပ်သည် . . ."**

# ကျောက်ပန်းတောင်းမြို့နယ်၌ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအထိမ်းအမှတ် အာဟာရချက်ပြုတ်ပြိုင်ပွဲကျင်းပ

ကျောက်ပန်းတောင်း ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် အာဟာရချက်ပြုတ်ပြိုင်ပွဲကို ဩဂုတ်လ ၂၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်နိုင်ဝင်းက ကျောင်းသား၊ ကျောင်းသူများ အာဟာရပြည့်ဝသောအစားအစာများ ရွေးချယ်စားသုံးတတ်စေရန်၊ အခြေခံအစားအစာအုပ်စု(၃)စုအကြောင်းကို သိရှိနားလည်စေရန်နှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများကို ပိုမိုစိတ်ပါဝင်စားလာစေရန်ရည်ရွယ်၍ ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အာဟာရချက်ပြုတ်ပြိုင်ပွဲကို ကျင်းပရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက သန့်ရှင်းလတ်ဆတ်ပြီး အာဟာရဓာတ်စုံလင်သည့် ဒေသထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်များ၊ အသား၊ ငါးနှင့် ဥများကိုအသုံးပြု၍ သတ်မှတ်ချိန်အတွင်း စနစ်တကျချက်ပြုတ်ယှဉ်ပြိုင်ကြသည်။



ယင်းနောက် ဆုချီးမြှင့်ပွဲကျင်းပရာ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

ရန်ကင်း

# (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်)ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



မြိတ် ဩဂုတ် ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တက္ကသိုလ်ရပ်ကွက် နတ်စင်လမ်းရှိ မြိတ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဩဂုတ်လ ၂၈ ရက်နံနက်ပိုင်းတွင် မြိတ်ခရိုင် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး(ခရိုင်အဆင့်) ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပကြောင်းသိရသည်။

အခမ်းအနားသို့ မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မင်းမင်းဖြိုးနှင့် ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သဘင်အဖွဲ့များ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်များက အကအလှုများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

အဆိုပါပြိုင်ပွဲအား ဩဂုတ်လ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ခေတ်ဟောင်း/ကာလပေါ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး၊ ခေတ်ဟောင်း/ ကာလပေါ်တေး၊ မဟာဂီတ၊ တပင်တိုင်အက၊ အရေးပြိုင်ပွဲများအား ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၁၂)

## ပင်းတယမြို့နယ်၌ ကျေးရွာမြေငှားဂရန်ပေးအပ်

ပင်းတယ ဩဂုတ် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျုံးကျေးရွာအုပ်စု ကျုံးရွာမကျေးရွာ မွေတော်ဘုန်းတော်ကြီးကျောင်း၌ ဩဂုတ်လ ၂၈ ရက် မွန်းလွဲပိုင်းတွင် ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများကို မြေငှားဂရန်ပေးအပ်သည်။

ယင်းနောက် ကျေးရွာသူ၊ ကျေးရွာသားများ၏ကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများက မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးတင်ပြကြရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၀၅)

## တပ်ကုန်းမြို့နယ်အတွင်း ချည်မျှင်ရှည်ဝါ ၄၈၁၇ ဧက စိုက်ပျိုးပြီးစီး



နေပြည်တော် ဩဂုတ် ၂၉

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ ၂၀၂၆ -၂၀၂၇ ခုနှစ် ချည်မျှင်ရှည်ဝါ ၄၈၆၉ ဧကလျာထားစိုက်ပျိုးပြီး ယနေ့အထိ ၄၈၁၇ ဧကစိုက်ပျိုးပြီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တပ်ကုန်းမြို့နယ်တွင် ချည်မျှင်ရှည်ဝါ အရည်အသွေးမြင့် အထွက်နှုန်းကောင်းရရှိစေရေး အတွက် မျိုးကောင်း၊ မျိုးသန့်များဖြစ်သည့် စပ်မျိုးဝါမျိုးများဖြစ်သည့် TBL–195/ RAKA 666–BT မျိုးများအပြင် ပြည်တွင်းမျိုးကောင်း၊ မျိုးသန့်ဝါမျိုးများ စိုက်ပျိုးလျက်ရှိကြောင်း၊ သီးနှံစိုက်ပျိုးရာသီတွင် အချိန်မီ စိုက်ပျိုးနိုင်ရေး၊ လိုအပ်သည့်သွင်းအားစုနှင့်ပိုးသတ်ဆေးများစနစ်တကျသုံးစွဲရေး၊ လေလွင့်ဆုံးရှုံးမှု မဖြစ်စေရေးတို့ကို ကွင်းတာဝန်ခံဝန်ထမ်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ချည်မျှင်ရှည်ဝါစိုက်ပျိုးရာတွင် အဆင့်မြင့်ချည်ထည်များထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်ပြီး ဝါအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ တစ်ဖက်တွင် ဝါကြိတ်စက်ရုံများ၊ ချည်မျှင်နှင့်အထည်စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

(၄၀၂)

## ချစ်တေးသီပါ

❒ ချစ်တေးသီပါ၊ သာယာစွာနှင့်
ကြင်နာသနား၊ မေတ္တာပွားရင်း
တရားတူယှဉ်၊ ပြစ်မမြင်ဘဲ
အစဉ်ချမ်းမြ၊ နှလုံးလှကာ
ဘဝသက်ဆုံး၊ ဘယ်မမုန်းသော
အပြုံးပန်းတို့ ပွင့်စေတော့။

❒ ချစ်တေးသီပါ၊ တို့ပြည်သာဖို့
ပြိုင်လာရန်ကြွေး၊ ဒုက္ခပေးဖို့
အတွေးတူညီ၊ ခိုင်မြဲတည်လျက်
ချစ်ကြည်စွမ်းအား၊ ကောင်းကျိုးပွားအောင်
အမှားရှောင်ကြဉ်၊ မှန်အောင်ပြင်ရင်း
အစဉ်တိုးတက် ပါစေတော့။

❒ ချစ်တေးသီပါ၊ မွန်မြတ်စွာနှင့်
ရင်မှာရိုကျိုး၊ ကုသိုလ်မိုးလျက်
တန်ခိုးသိဒ္ဓိ၊ သိက္ခာရှိသော
အသိတရား၊ ကျင့်ကြံပွားရင်း
အများတွက်ရည်၊ သယ်ပိုးညီကာ
မြန်ပြည်ဂုဏ်ပန်း လန်းစေတော့။

❒ ချစ်တေးသီပါ၊ ကျိုးမျှော်စွာနှင့်
မြန်မာပြည်ဝန်း၊ စဉ်ငြိမ်းချမ်းအောင်
ကြိုးပမ်းအတူ၊ လက်တွဲကူလျက်
ပြည်သူပြည်သား၊ မုန်းမပွားဘဲ
စွမ်းအားပေါင်းစုံ၊ အပ်နှင်းယုံကာ
မဖြုံစတမ်း လန်းစေတော့။

❒ ချစ်တေးသီပါ၊ ပြည်မြန်မာတွက်
ကြမ္မာမခွင်း၊ ဒုက္ခကင်းဖို့
ရှောင်ကွင်းအမှန်၊ ကောင်းအောင်ကြံရင်း
ဧကန်မုချ၊ အောင်ပွဲရရေး
မာနမရှိ၊ မြတ်အသိဖြင့်
သတိရင်ထဲ မြဲစေတော့။ ။

ကိုရွှေတောသား(ဆင်ကူး)

## စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ဖြန့်ဖြူးရောင်းချပေး

မြန်အောင် ဩဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက်၌ ဩဂုတ်လ ၂၉ရက်နံနက်ပိုင်းတွင် စားအုန်းဆီရောင်းချပေးနေမှုများအား မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမြင့်နိုင်၊ ဦးသန်းစိုးဦးနှင့်အတူ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အောင်၊ မြို့နယ်ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းဇော်ဦးတို့က စားအုန်းဆီသတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏမှန်ကန်မှု ရှိ၊ မရှိ၊ ရောင်းချပေးခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးကြသည်။

မြန်အောင်မြို့နယ်အတွင်း စားအုန်းဆီ ၈၁၈ ပီပါကို လက်ကားကိုယ်စားလှယ် ၁၀ ဦးတို့က တစ်လလျှင် ဆီတစ်ပိဿာငါးဆယ်ကျပ်သားကို သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်းသိရသည်။

ဝင်းဗိုလ်(မြန်/ဆက်)

## MWD Variety Channel

၂၀-၈-၂၀၂၆(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | မှတ်သားလေ့လာ အိမ်တွင်းမှုပညာ |
| ၂။ | ၁၄:၂၀ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၃။ | ၁၆:၂၀ | သုတေသနမှသည်... သမိုင်းမှတ်တိုင်ဆီသို့ |
| ၄။ | ၁၇:၅၀ | ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ |

# မော်ဘီမြို့နယ်နှင့်ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၉

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ထိန်စွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ ထိန်စွန်းကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၇ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၂ ပါးနှင့် ဒေသခံပြည်သူ ၁၄၁ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ရောဦးဓမ္မာရုံ၌ အခြေပြု၍ အဆိုပါရပ်ကွက်ရှိ ဒေသခံပြည်သူ ၁၆၇ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဝေန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆)မြို့နယ်ရှိ ရပ်ကွက်(၂၀)ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့်တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၉

ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်းရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ်လ ၁၄ ရက်တွင် ဝေန်မြစ်ရေသည် ၇ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် ၄ ပေ ၉ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၃ ပေခန့်ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ်လ ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၂ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၂ ပေခန့်ကျဆင်းသွားခဲ့ကြောင်းနှင့် ငါးသိုင်းချောင်းမြို့တွင် ဝေန်မြစ်ရေသည် ဩဂုတ်လ ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၄ လက်မခန့်သာကျန်ရှိသဖြင့် ၁ ပေ ၅ လက်မခန့်ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါဒေသများရှိရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာမြို့နယ်၊ ညောင်ပင်ဝဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများ၊ အဆောက်အဦများ၊ စာသင်ခုံများ၊ လူသွားစင်္ကြံများတွင်တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်သရိုက်များအား ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ ဝေန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြုရန် Geobags သဲအိတ်ကြီးများ ချခြင်း၊ မြောင်းတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့်ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စာသင်ကျောင်းဝင်းအတွင်းနှင့်အပြင်ရှိ နုန်းများ၊ အမှိုက်သရိုက်များအား ရှင်းလင်းဆောင်ရွက်ပေးစဉ်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# တိုင်းဒေသကြီးအဆင့် ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပ



မြဝတီ ဩဂုတ် ၂၉

ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားသည် ကရင်တိုင်းရင်းသားဘိုးဘွားများ၏ အစဉ်အလာမပျက်လက်ဆင့်ကမ်းကျင်းပခဲ့ကြသည့်ရိုးရာအမွေအနှစ်တစ်ခုဖြစ်ပြီး ချည်ဖြူဖွဲ့မင်္ဂလာကျင်းပခြင်းဖြင့် မကောင်းသည့်အရာများ ပျောက်ပျက်ကာ ကောင်းမွန်သည့် မင်္ဂလာတရားများ သက်ဝင်ရောက်ရှိစေရန်ရည်ရွယ်ကာ ဝါခေါင်လဆန်း ၁ ရက်မှစတင်၍ ဝါခေါင်လပြည့်နေ့အထိ နှစ်စဉ်ကျင်းပလေ့ရှိသည်။

ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအဆင့် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ပုလဲဧကရီခန်းမ၌ကျင်းပခဲ့ပြီး ထားဝယ်မြို့ ချမ်းသာကြီးကျောင်းတိုက်ဆရာတော်၊မြလင်းအေးဘေးမဲ့တောရဆရာတော်၊တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးမြတ်ကိုနှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဇော်နိုင်ဦးတို့က ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားမုခ်ဦးကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားကို ကရင်အမျိုးသားသီချင်းဖြင့်ဂုဏ်ပြု၍ ဖားစည်တီးကာ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက ချည်ဖြူဖွဲ့မင်္ဂလာကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်သည် မိသားစုများအားလုံး စည်းစည်းလုံးလုံးဖြင့် ပြန်လည်တွေ့ဆုံပြီး လက်ရည်တစ်ပြင်တည်းဖြစ်ခြင်း၊ ချစ်ကြည်ရင်းနှီးစည်းလုံးမှု တိုးပွားစေခြင်းနှင့် ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများ ထိန်းသိမ်းခြင်းတို့ကို ထုတ်ဖော်ဆောင်ရွက်ကြသည့် ထူးမြတ်သောမင်္ဂလာအခမ်းအနားဖြစ်ကြောင်း၊ ယခုကဲ့သို့အခမ်းအနားကို ကရင်ဘိုးဘွားများက လူငယ်မောင်မယ်များသို့ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ပြီး အစဉ်အလာနှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပသည့်သမိုင်းကြောင်းကို ကရင်တိုင်းရင်းသူတစ်ဦးက ရှင်းလင်းတင်ပြ၍ ကရင်ရိုးရာဒုံးအက၊တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပြီး တနင်္သာရီတိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ကရင်ဘိုးဘွားများက ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တက်ရောက်လာသူများကို ချည်ဖြူဖွဲ့ပေးကြသည်။

မွန်းလွဲပိုင်းတွင် ရွှေဝယ်သီရိအားကစားကွင်း၌ကျင်းပသည့် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားအထိမ်းအမှတ် ရိုးရာလက်ဇော့စိန်ခေါ်ပွဲကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲယှဉ်ပြိုင်ထိုးသတ်ကြသည့် အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# နေပြည်တော်စည်ပင်ဧည့်ရိပ်သာတွင် ပြင်ပဧည့်သည်မသန်စွမ်းများ လာရောက်တည်းခိုသည့်အခါ အဆင်ပြေစေရေးအတွက် လျာထားအဆောင်များကို ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၂၉

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ နေပြည်တော်စည်ပင်ဧည့်ရိပ်သာတွင် ပြင်ပဧည့်သည် မသန်စွမ်းများ လာရောက်တည်းခိုသည့်အခါ အဆင်ပြေစေရေးအတွက် လျာထားအဆောင်များကိုပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ပြင်ဆင်ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးကံမြင့်သန်းသည်ကော်မတီဝင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် မသန်စွမ်းဧည့်သည်များအတွက် အဆောက်အအုံများပြင်ဆင်ဆောက်လုပ်ရာတွင် တစ်ဦးချင်းသွားလာနိုင်မည့်အနေအထား၊ လက်ကိုင်တန်း၊ Wheel Chair များပြင်ဆင်ထားရန်၊ လမ်းမီးများနှင့် အခန်းအတွင်းရှိ လျှပ်စစ်မီးများကောင်းမွန်စေရေး ဂရုပြုဆောင်ရွက်ပေးရန်၊ ထိုင်ခုံနှင့်စားပွဲများ သီးခြားပြုလုပ်ဆောင်ရွက်ပေးရန်မှာကြားသည်။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များအတွက် အိပ်ဆောင်များပြင်ဆင်ထားရှိမှုကိုကြည့်ရှုစစ်ဆေးပြီး လွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ မြဝတီ

# ပြည်ပတွင်အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများ မိသားစုလွှဲပို့ငွေများကို တရားဝင်လမ်းကြောင်းမှလွှဲပို့နိုင်ရေး ဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၉

ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းလုပ်သားများ၏ မိသားစုလွှဲပို့ငွေများကို တရားဝင်လမ်းကြောင်းမှ လွှဲပို့ခြင်းသည် ၎င်းတို့မိသားစုများ၏ လူမှုစီးပွားဘဝအတွက် အထောက်အကူဖြစ်စေနိုင်သည့် အပြင်နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေပိုမိုရရှိနိုင်ခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူဖြစ်စေနိုင်ခြင်းကြောင့် လုပ်သားများက တရားဝင်လမ်းကြောင်းမှ လွှဲပို့စေရေး အေဂျင်စီများအနေဖြင့် တာဝန်ရှိမှုတာဝန်သိမှုဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်လျက်ရှိသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှ မန်နေးဂျင်းဒါရိုက်တာများနှင့် တွေ့ဆုံစဉ်ပြောကြားသည်။




အဆိုပါတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာခန်းမ၌ ကျင်းပခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးက ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တာဝန်ယူစေလွှတ်ခဲ့သည့် အလုပ်သမားတစ်ဦးချင်း၏ လုပ်ခလစာမှ မိသားစုလွှဲပို့ငွေ ၂၅ ရာခိုင်နှုန်းကို ပြည်တွင်းရှိမိသားစုဝင်များထံ တရားဝင်လွှဲပို့စေရေး အေဂျင်စီနှင့် အလုပ်သမားအကြား သဘောတူညီချက်စာချုပ်ချုပ်ဆိုခြင်းကို ၂၀၂၃ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ကြောင်း၊ အေဂျင်စီများအနေဖြင့် လုပ်သားများက မိသားစုလွှဲငွေများ တရားဝင်လမ်းကြောင်းမှ လွှဲပို့စေရေးကို တာဝန်ရှိမှုတာဝန်သိမှုဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်းပြောကြားပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် Authorized Dealer (AD) လိုင်စင်ရနိုင်ငံပိုင်ဘဏ်များနှင့်တွေ့ဆုံ၍ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်ပရောက်အလုပ်သမားများ၏လွှဲပို့ငွေများ အချက်အလက်အတိအကျရရှိစေရေးနှင့် လွယ်ကူသောလွှဲပို့မှုစနစ်ဖြစ်ပေါ်လာစေရေး မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပူးပေါင်း၍ ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်လျက်ရှိပြီး မိသားစုလွှဲပို့ငွေစီမံခန့်ခွဲမှုစနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အလုပ်သမားဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ သက်ဆိုင်ရာဘဏ်များ၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ၂၉-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# Digital Smart မီတာအသစ်များ အွန်လိုင်းဖြင့်လျှောက်ထားခြင်းအတွက် အသုံးပြုနည်းလမ်းညွှန်

**ယမန်နေ့မှအဆက်**

**စကားဝှက်ပြောင်းလဲရန်**

"လုံခြုံရေး" စာမျက်နှာသို့ရောက်ရှိပါက **"စကားဝှက် ပြောင်းလဲရန်"** အပိုင်းတွင် အောက်ပါအချက်အလက်များကို မှန်ကန်စွာဖြည့်သွင်းပါ -

(၁) မိမိလက်ရှိအသုံးပြုနေသော စကားဝှက်ဟောင်းကို ရိုက်ထည့်ပါ။

(၂) ပြောင်းလဲအသုံးပြုလိုသည့် စကားဝှက်အသစ်ကို ရိုက်ထည့်ပါ။

(၃) စကားဝှက်အသစ်ကိုပင် ထပ်မံရိုက်ထည့်ပါ (စကားဝှက်နှစ်ခု ကိုက်ညီရပါမည်)။

အချက်အလက်များဖြည့်သွင်းပြီးပါက **"သိမ်းမည်"** ဟူသော အစိမ်းရောင်စာသားကို Click နှိပ်၍ အတည်ပြုပါ။

**နှစ်ဆင့်အတည်ပြုခြင်း စနစ်ဖွင့်ရန် (Enable 2FA)**

အကောင့်ကို ပိုမိုလုံခြုံစိတ်ချရစေရန်အတွက် နှစ်ဆင့်အတည်ပြုခြင်း (Two-Factor Authentication) စနစ်ကို ဖွင့်လှစ်နိုင်ပါသည် -

(၁) စာမျက်နှာအောက်ခြေရှိ **"2FA ဖွင့်မည်"** ကို Click နှိပ်ပါ။

(၂) ဤစနစ်ကိုဖွင့်ထားပါက နောက်တစ်ကြိမ် အကောင့်ဝင်ရောက်သည့်အခါ သတ်မှတ်ထားသော လုံခြုံရေး ကုဒ်နံပါတ် (TOTP) ကို စနစ်တကျ ထည့်သွင်းပေးရမည်ဖြစ်ပါသည်။

(၃) "2FA ဖွင့်မည်" ခလုတ်ကို နှိပ်လိုက်ပါက မျက်နှာပြင်ပေါ်တွင် လုံခြုံရေးဆိုင်ရာ QR ကုဒ်နှင့် စနစ်ထည့်သွင်းကီး (Setup Key) တို့ ပေါ်လာမည်ဖြစ်ပြီး အောက်ပါအတိုင်း အဆင့်ဆင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၄) မိမိဖုန်းထဲရှိ အတည်ပြုခြင်းအက်ပ် (ဥပမာ-**Google Authenticator** သို့မဟုတ် **Microsoft Authenticator**) ကို ဖွင့်ပါ။

(၅) အက်ပ်အတွင်းရှိ အပေါင်းလက္ခဏာ (+) သို့မဟုတ် အကောင့်ထည့်ရန်ကို Click နှိပ်ပါ။

(၆) အက်ပ်ရှိ ကင်မရာဖြင့် စနစ်မျက်နှာပြင်ပေါ်တွင် ပြသထားသော **"QR ကုဒ်" ကို စကင်ဖတ် (Scan)** ပါ။ သို့မဟုတ် ဖုန်းဖြင့် စကင်ဖတ်ရန် အဆင်မပြေပါက ပေါ်နေသော **"စနစ်ထည့်သွင်းကီး" (Setup Key)** ကို ကူးယူပြီး အတည်ပြုအက်ပ်ထဲသို့ ကိုယ်တိုင်ရိုက်ထည့်ပေးပါ။

(၇) အက်ပ်ထဲတွင် ပေါ်လာသည့် အချိန်နှင့်အလိုက် ပြောင်းလဲနေသော **ဂဏန်း ၆ ပါကုဒ်(OTP)**ကို စနစ်အတွင်းသို့ ရိုက်ထည့်၍ အတည်ပြုခြင်းကို ပြီးဆုံးအောင်ဆောင်ရွက်ပေးပါ။

**(စ) လျှောက်ထားသူအကောင့် ဖျက်သိမ်းခြင်း**

မိမိ၏ လျှောက်ထားသူအကောင့်ကို စနစ်မှ လုံးဝ (လုံးဝ) ဖျက်သိမ်းလိုပါက အောက်ပါအတိုင်း အဆင့်ဆင့် စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(၁) အကောင့်စာမျက်နှာရှိ **"အကောင့်ဖျက်မည်"** စာသားကို Click နှိပ်ပါ။ ထိုအခါ လုံခြုံရေးအရ အတည်ပြုရန် မိုဒယ်ဘောက်စ် (Modal Box) တစ်ခု ပေါ်လာမည်ဖြစ်ပါသည်။

(၂) ပေါ်လာသော ဘောက်စ်ထဲတွင် မိမိအသုံးပြုနေသော **လျှို့ဝှက်နံပါတ် (Password)**ကို ရိုက်နှိပ်ထည့်သွင်းပါ။


(၃) လျှို့ဝှက်နံပါတ်ထည့်ပြီးပါက **"ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်ပါ။ ထိုအခါ အတည်ပြုကုဒ်တောင်းခံရန် စာသားကွက် ပေါ်လာမည်ဖြစ်ပါသည်။

(၄) စနစ်မှ အတည်ပြုကုဒ်ပေးပို့နိုင်ရန် **"ကုဒ်တောင်းမည်"** စာသားကို Click နှိပ်ပါ။ သင့်အကောင့်ထဲရှိ ဖုန်းနံပါတ် (သို့မဟုတ်) အီးမေးလ်ထံသို့ (၆) လုံးပါဝင်သော အတည်ပြုကုဒ် (6-Digit Code) ရောက်ရှိလာမည်ဖြစ်ပါသည်။

(၅) ရောက်ရှိလာသော ဂဏန်း(၆) လုံးပါ ကုဒ်နံပါတ်ကို စနစ်တကျ ပြန်လည်ဖြည့်သွင်းပြီးနောက် **"အကောင့်ဖျက်မည်"** စာသားကို Click နှိပ်ပါ။

(၆) အကောင့်ဖျက်သိမ်းခြင်း အောင်မြင်သွားပါက စနစ်သည် **Login Page (အကောင့်ဝင်ရောက်ရန် စာမျက်နှာ)** သို့ အလိုအလျောက် ပြန်လည်ရောက်ရှိသွားမည်ဖြစ်ပါသည်။

အထူးသတိပြုရန် - ဖျက်သိမ်းလိုက်သော အဆိုပါအကောင့် (User Account) ကို နောက်နောင်တွင် စနစ်အတွင်းသို့ မည်သို့မျှ **ပြန်လည်ဝင်ရောက် အသုံးပြုနိုင်တော့မည်မဟုတ်ပါ။**




ပုံ(၁၇) အကောင့်ဖျက်ရန် ဖောင်ပုံစံ




ပုံ(၁၈) အကောင့်ဖျက်ရန် ဖောင်ပုံစံ





ပုံ(၁၉) အကောင့်ဖျက်ရန် ဖောင်ပုံစံ

**(ဆ) လျှောက်ထားသူအကောင့် မှ ပြန်လည်ထွက်ခွာခြင်း**

လျှောက်ထားသူသည် မိမိ၏ အမည်၊ အီးမေးလ်နှင့် ဖုန်းနံပါတ် စသည့် ကိုယ်ရေးအချက်အလက်များကို ပြင်ဆင်လိုပါက အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်နိုင်ပါသည် -

(၁) Website ၏ ညာဘက်အပေါ်ဆုံးထောင့်ရှိ **လူပုံစံ (User Icon)** ကို Click နှိပ်ပါ။

(၂) ပေါ်လာသော မီနူးဘားမှ **"ထွက်ရန်" (Sign Out)** ကို Click နှိပ်၍ အကောင့်မှ ပြန်ထွက်နိုင်ပါသည်။





ပုံ(၂၀) လျှောက်ထားသူအကောင့်မှ ပြန်ထွက်ရန်ပြပုံစံ

**(၂) Digital Smart မီတာအသစ်လျှောက်ထားခြင်းအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

စနစ်အတွင်းသို့ အောင်မြင်စွာဝင်ရောက်ပြီးပါက အိမ်သုံးမီတာ/ပါဝါမီတာအသစ်အသုံးပြုခွင့် လျှောက်ထားခြင်းစာမျက်နှာသို့ ရောက်ရှိမည်ဖြစ်ပြီး အပေါ်ယာဘက်ထိပ်ရှိ **"လျှောက်လွှာအသစ်"** အစိမ်းရောင်စာသားကို Click နှိပ်၍ စတင်လျှောက်ထားနိုင်ပါသည်။

လျှောက်ထားသူသည် မိမိတို့လျှောက်ထားလိုသော မီတာအမျိုးအစားများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များဟူ၍ သက်ဆိုင်ရာဒေသအလိုက် တိကျစွာခွဲခြားရွေးချယ်ပြီး လျှောက်တင်ရမည်ဖြစ်ပါသည်




ပုံ(၂၁) သက်ဆိုင်ရာဒေသအလိုက် လျှောက်လွှာများပြပုံစံ

မီတာလျှောက်လွှာတင်သွင်းရာတွင် အောက်ပါအတိုင်း မီတာအမျိုးအစားများ အိမ်သုံးမီတာ၊ အိမ်သုံးပါဝါမီတာ၊ ကန်ထရိုက်တိုက်အိမ်သုံးမီတာနှင့် စက်မှုသုံးပါဝါမီတာဟူ၍ (၄)မျိုး ခွဲခြားသတ်မှတ်ထားပါသည်။ လျှောက်ထားသူသည် မိမိလျှောက်ထားလိုသော တိုင်းဒေသကြီးအလိုက် မီတာအမျိုးအစားကိုရွေးချယ်၍ Click နှိပ်ပြီး လျှောက်လွှာများကို ဆက်လက်ဖြည့်သွင်းရမည်ဖြစ်ပါသည်။

**(က) Digital Smart မီတာအသစ်လျှောက်ထားခြင်း**

မီတာလျှောက်ထားရာတွင် ပထမဦးစွာ စနစ်တွင်ပြသထားသော စည်းမျဉ်းစည်းကမ်းချက်ကို ဖတ်ရှုရမည်ဖြစ်ပါသည်။ အဆိုပါ စည်းမျဉ်းစည်းကမ်းချက်ကို သဘောတူလက်ခံကြောင်း အမှတ်အသားကွက်(Checkbox) တွင် အမှန်ခြစ်ပေးရမည်ဖြစ်ပြီး အမှန်ခြစ်ပေးပြီးမှသာ နောက်တစ်ဆင့်သို့ ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။




ပုံ(၂၂) မီတာလျှောက်ထားရာတွင်လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ

**ဆက်လက်ဖော်ပြပါမည်။**

# ICJ အမှုနှင့်ပတ်သက်၍ ရမ်းတုတ်မှန်းတုတ် ဆောင်းပါးတစ်ပုဒ်အား တုံ့ပြန်ခြင်း

ဥပဒေလေ့လာသူတစ်ဦး

**မြေပြင်အခြေအနေတွင် ရခိုင်ပြည်နယ်၌ အစိုးရက တာဝန်ယူစီမံခန့်ခွဲလျက်ရှိသော နေရပ်စွန့်ခွာသူများအတွက် စောင့်ရှောက်ရေးစခန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့ကိုရရှိကြသကဲ့သို့ ဥပဒေနှင့်အညီ လွတ်လပ်စွာ အလုပ်လုပ်ကိုင်ခွင့်၊ အသက်မွေးဝမ်းကျောင်းခွင့်၊ ပညာသင်ကြားခွင့်၊ ဆေးဝါးကုသခွင့်နှင့် ကိုးကွယ်ဝတ်ပြုခွင့်များလည်းရရှိကြပြီး လူမျိုးသုဉ်းရန်ဝေးစွ လူဦးရေပင် မှန်မှန်ကြီး တိုးပွားလျက်ရှိကြောင်း နိုင်ငံတကာမှသံတမန်များ၊ သတင်းစာသမားများကိုယ်တိုင် မျက်မြင်တွေ့ရှိကြစေရန် ခေါ်ယူဖိတ်ကြားပြသခဲ့ပြီးဖြစ်၊ လုံခြုံရေးအခြေအနေအရ ယာယီနေရပ်စွန့်ခွာသူများကိုလည်း လူမျိုး၊ ဘာသာမခွဲခြားဘဲ ကာကွယ်စောင့်ရှောက်ထောက်ပံ့ပေးလျက်ရှိ . . .**

ဩစတြေးလျနိုင်ငံအခြေစိုက် Asia Pacific Center for the Responsibility to Protect မှ အကြီးတန်းသုတေသီ Yuyun Wahyuningrum က ဩစတြေးလျနိုင်ငံ Lowy Institute သုတေသနဌာနမှ လွှင့်တင်ထားသော The Interpreter အမည်ရှိ အင်တာနက်မီဒီယာဝက်ဘ်ဆိုက်တွင် "Starvation as a Weapon: The ICJ Myanmar Case Could Redefine Geno–cide"(အငတ်ထားခြင်းကို လက်နက်တစ်ခုအဖြစ် အသုံးပြုမှု၊ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ မြန်မာနိုင်ငံအမှုသည် လူမျိုးသုဉ်းစေမှုကို ပြန်လည်၍ အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်စေနိုင်သည်) ဟူသော ဆောင်းပါးတစ်ပုဒ်ကို ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းက ရေးသားထားခဲ့ကြောင်း တွေ့ရှိသတိပြုမိပါသည်။

အပြည်ပြည်ဆိုင်ရာတရားရုံး၌ မြန်မာနိုင်ငံနှင့် ဂမ်ဘီယာနိုင်ငံတို့အကြား ဖြစ်ပွားနေသော အမှုကိစ္စနှင့်ပတ်သက်၍ နောက်ဆုံးအပိုင်းဖြစ်သော နှစ်ဖက်နှုတ်ဖြင့် ထွက်ဆိုစစ်ဆေးမှု ပြုလုပ်ခဲ့ပြီးနောက် တရားရုံး၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေချိန်တွင် ယခုဆောင်းပါး ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

သာမန်အားဖြင့်ကြည့်လျှင်ဤဆောင်းပါးသည် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ပတ်သက်သည့် သုံးသပ်ချက်တစ်ခုဟု ထင်မြင်ရသော်လည်း နောက်ကွယ်တွင် ဖုံးကွယ်ထားသော ရည်ရွယ်ချက်များ ရှိနိုင်သည်ကို မှန်းဆသိမြင်နေရသဖြင့် ယင်းဆောင်းပါးနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဥပဒေလေ့လာသူတစ်ဦး၏ အမြင်ကို ထုတ်ဖော်တင်ပြရခြင်းဖြစ်ပါသည်။

ဤဆောင်းပါးတွင် ဆောင်းပါးရှင်က လူမျိုးသုဉ်းစေမှု (Genocide) ဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်း၏ ပုဒ်မ(၂)(ဂ) ကို ရည်ညွှန်း၍ သူ၏ကိုယ်ပိုင်အမြင်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရန် ကြိုးစားထားမှုကို တွေ့ရသည်။

အဆိုပါကွန်ဗင်းရှင်း၏ ပုဒ်မ(၂)မှာ လူမျိုးသုဉ်းစေမှုဟု သတ်မှတ်ခေါ်ဆိုနိုင်သောလုပ်ရပ်များကို ဖွင့်ဆိုထားခြင်းဖြစ်ပြီး ပုဒ်မ(၂)(ဂ)မှာ လူအုပ်စုတစ်စု (နိုင်ငံသား၊ လူမျိုး၊ မျိုးနွယ်စု သို့မဟုတ် ဘာသာရေးအုပ်စု) တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် "ယင်းအုပ်စု၏ ရုပ်ပိုင်းဆိုင်ရာ ရှင်သန်ရပ်တည်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအခြေအနေများကို ရည်ရွယ်ချက်ရှိရှိဖျက်ဆီးခြင်း" နှင့်ပတ်သက်၍ ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

ယင်းဆောင်းပါးတွင် မြန်မာနိုင်ငံနှင့် မိုင်ပေါင်းလေးထောင်ကျော် ဝေးကွာသော ဩစတြေးလျနိုင်ငံတွင် နေထိုင်သူ ဆောင်းပါးရှင်သည် မြန်မာနိုင်ငံနှင့် မိုင်ပေါင်း ခုနစ်ထောင်ကျော်ဝေးကွာသော ဂမ်ဘီယာနိုင်ငံကဲ့သို့ပင် ပကတိမြေပြင်အခြေအနေဖြစ်ရပ်များနှင့် ကင်းကွာသည့် တစ်ဖက်သတ် သတင်းစကား အချက်အလက်များကိုအခြေပြု၍ မြန်မာနိုင်ငံအပေါ် စွပ်စွဲမှုများပြုလုပ်ထားသည်ကို တွေ့ရသည်။

၎င်းက အမှု၏ပဓာနကိစ္စဖြစ်သော ၂၀၁၇ ခုနှစ် ARSA အကြမ်းဖက်အုပ်စုက ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသရှိ နယ်စပ်လုံခြုံရေးတပ်ဖွဲ့များကို လူအုပ်ဖွဲ့တိုက်ခိုက်ခဲ့ရာမှ ကျယ်ပြန့်သွားခဲ့သည့် ပဋိပက္ခဖြစ်ရပ်မတိုင်မီ ကာလရှည်ကြာစွာကပင် မြန်မာအစိုးရက ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကိုပြဋ္ဌာန်း၍ ယင်းဒေသရှိ ဘင်္ဂါလီ (၎င်း၏အခေါ် ရိုဟင်ဂျာ) အုပ်စုများကို နိုင်ငံမဲ့ဖြစ်စေပြီး တမင်သက်သက် ရည်ရွယ်ချက်ဖြင့် နေထိုင်သွားလာပိုင်ဆိုင်မှုကို ကန့်သတ်၍ လုပ်ကိုင်စားသောက်၍ မရဖြစ်စေကာ ငတ်မွတ်အောင်ပြုလုပ်ခဲ့သည်ဟုဆိုသည်။

တစ်ဖန် ၂၀၁၇ ခုနှစ် ဖြစ်ရပ်ကြောင့် ယင်းဒေသရှိဘင်္ဂါလီအချို့ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားကြသောအခါ ထိုသူတို့ပိုင်ဆိုင်သည့် လယ်ယာများကို မြန်မာအစိုးရက သိမ်းယူပြီး စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများကို သိမ်းဆည်းခြင်း၊ အခြားသူများကို မြေခွဲဝေပေးခြင်းများ ပြုလုပ်ခဲ့သည်ဟုစွပ်စွဲခဲ့ပြန်သည်။

အဆိုပါစွပ်စွဲချက်များကို လေ့လာပါက ဆောင်းပါးရှင်သည် အကြီးတန်းသုတေသီဟု ဆိုသော်လည်း သတင်းအချက်အလက်များကို စနစ်တကျရှာဖွေစုဆောင်းခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ခြင်းမရှိဘဲ ရမ်းသန်းစွပ်စွဲမှုများနှင့် ရှေ့နောက်မညီမှုများကို တွေ့ရပေသည်။

ဥပမာအားဖြင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေသည် ယင်းဒေသရှိ ဘင်္ဂါလီအုပ်စုများကို နိုင်ငံမဲ့ဖြစ်စေရန် တမင်ပြုစုပြဋ္ဌာန်းခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံသားဖြစ်မှုဆိုင်ရာ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို မြန်မာတစ်နိုင်ငံလုံးအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ခွင့်ရှိသူတိုင်း ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသားစသည်ဖြင့် နိုင်ငံသားဖြစ်ခွင့်ပေးထားပြီး ထိုဥပဒေအရ နိုင်ငံသားလက်မှတ်တစ်မျိုးမျိုး ကိုင်ဆောင်ထားသော ဘင်္ဂါလီနွယ်ဖွားများစွာရှိပြီးဖြစ်သကဲ့သို့ နိုင်ငံသားအဖြစ်စိစစ်သတ်မှတ်ပေးနိုင်ရန် လျှောက်ထားဆဲဦးရေမှာလည်း အများအပြားရှိနေသည်မှာ ပကတိအမှန်တရားဖြစ်၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းကျမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများမှာမူ မည်သည့်လူမျိုးမဆို တရားမဝင်ဝင်ရောက်လာသူများအဖြစ်သာသတ်မှတ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်သာဖြစ်ပေသည်။ ကမ္ဘာပေါ်၌လည်း တရားမဝင် ဝင်ရောက်လာသူများနှင့် ပတ်သက်၍ မိမိတို့ ဆိုင်ရာလူဝင်မှုဥပဒေများဖြင့် အသီးသီးအရေးယူဆောင်ရွက်ကြသည်သာဖြစ်၏။

ဩစတြေးလျနိုင်ငံ၌လည်း တရားမဝင် ဝင်ရောက်လာသူများကို တင်းကျပ်စွာ စိစစ်ပြီး ဩစတြေးလျနိုင်ငံအတွင်း၌ ထိန်းသိမ်းရေးစခန်း ခုနစ်ခုအပြင် နိုင်ငံပြင်ပဖြစ်သော နော်ရူးကျွန်း၌လည်း ငွေပေး၍ နေရာငှားရမ်းကာ စခန်းဆောက်လုပ်ထားရှိနေသည်ကို တွေ့ရမည်ဖြစ်ပေသည်။ ထိုသူတို့သည်ယင်းစခန်းများမှလွတ်လပ်စွာ ထွက်ခွာ၍ သွားလာခွင့်၊ လယ်ယာလုပ်ကိုင်ခွင့်များ ရရှိကြပါသလောဟု မေးလျှင် ထိုဆောင်းပါးရှင် မည်သို့ဖြေကြားမည်ကို သိလိုလှမိသည်။

မြန်မာနိုင်ငံတွင် ဘူးသီးတောင်၊ မောင်တောအပါအဝင် ဒေသများ၌ ဆောင်းပါးရှင်ကိုယ်တိုင်ဝန်ခံထားသကဲ့သို့ ဘင်္ဂါလီနွယ်ဖွားများသည် လယ်ယာလုပ်ကိုင်ခွင့်၊ ငါး၊ ပုဇွန်မွေးမြူရေးကန်များလုပ်ကိုင်ခွင့်ရရှိကြသလို အချို့မှာ မြို့ကြီးများ၌ လုပ်ငန်းရှင်ကြီးများအဖြစ်ပင် ရောက်ရှိနေကြသည်ကို မြန်မာနိုင်ငံသားများက သိရှိကြပါသည်။

ထိုသို့ မှားယွင်းသောအချက်အလက်များကို အခြေခံ၍ ဆောင်းပါးရှင်က စွပ်စွဲထားသည့်အပြင် ဥပဒေဆိုင်ရာနှင့် ပတ်သက်၍လည်း သူ၏သိနားလည်မှုမှာ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် ဝေးကွာဆဲဖြစ်ကြောင်း တွေ့ရပြန်သည်။

လူမျိုးသုဉ်းစေမှုကဲ့သို့သော အလွန်အရေးကြီးသည့်ပြစ်မှုများ၌ သက်သေပြချက်များသည် သံသယဖြစ်ဖွယ် တစိုးတစိမျှမရှိရလေအောင် (Beyond reason–able doubt) ခိုင်လုံမှုရှိရမည်ဟု အပြည်ပြည်ဆိုင်ရာ တရားစီရင်ထုံးများက လက်ခံထားကြသည်။ ပြစ်မှုတစ်ခုနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုကျူးလွန်ရန် တမင်ရည်ရွယ်ချက် (Mens Rea) ရှိကြောင်း၊ ထိုရည်ရွယ်ချက်ကို အထမြောက်အောင် တမင်လုပ်ဆောင်မှု (Actus Reus) ရှိကြောင်း ခိုင်လုံစွာ သက်သေပြရမည်ဖြစ်သည်။ "၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေပြဋ္ဌာန်းမှုက လူအုပ်စုတစ်စုကို ငတ်မွတ်မှုဖြစ်စေရန် တမင်ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်" ဟု ဆောင်းပါးရှင်၏ ရေးသားမှုမှာ အထက်ပါ ဥပဒေထုံးစံများနှင့် အလှမ်းကွာလှပြီး လမ်းဘေးမှ လူပြိန်းတစ်ဦး၏ မလိုတမာ စွပ်စွဲပြောဆိုမှုအဆင့်ထက် များစွာမပိုလှပေ။

ထို့ပြင် အပြည်ပြည်ဆိုင်ရာတရားရုံးသည် ကမ္ဘာပေါ်၌ အဆင့်အမြင့်ဆုံးတရားရုံးဖြစ်ပြီး ထိုသို့အပြင်ဘက်မှ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ထင်ရာမြင်ရာ ရေးသားမှုဖြင့် နိုင်ငံတကာကွန်ဗင်းရှင်း ဥပဒေတစ်ရပ်ကို လိုရာဆွဲ၍ ပြန်လည်အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ပေးရန် အကြောင်းမရှိပေ။

အပြည်ပြည်ဆိုင်ရာတရားရုံး ပဋိညာဉ် ပုဒ်မ(၃၈)အရ အမှုစီရင်ဆုံးဖြတ်ရာ၌ အသုံးပြုရမည့် ဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေနှင့် အခြေခံသဘောတရားများ၊ စီရင်ထုံးများ စသည့်အချက်များ၌လည်း ဤအကြောင်း အရာမပါရှိပေ။ အပြည်ပြည်ဆိုင်ရာ တရားရုံးပဋိညာဉ်၏ ပုဒ်မ(၆၀) အရ တရားရုံး၏စီရင်ချက်သည် အပြီးသတ်ဖြစ်ပြီး စီရင်ချက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ပတ်သက်၍ အငြင်းပွားမှုရှိပါက အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တောင်းဆိုပိုင်ခွင့်မှာ အမှုတွင် ပါဝင်ရင်ဆိုင်လျက်ရှိကြသော နိုင်ငံများထံ၌သာရှိလေသည်။

သို့ပါလျက် ဤကဲ့သို့ တာဝန်မရှိသူတစ်ဦးက ဤအမှုကိစ္စတွင် မဆီမဆိုင် ဝင်ရောက်ပြောကြားနေမှုမှာ ဥပဒေအကြောင်းခြင်းရာများကိုလည်း သေချာစွာမလေ့လာ၊ ပကတိမြေပြင်ရှိ အမှန်တရားများကိုလည်း သေချာမသိဘဲ တောရမ်းမယ်ဖွဲ့ ထင်ကြေးများဖြင့် မဟုတ်မတရားစွပ်စွဲခြင်းသာဖြစ်ကြောင်း ထင်ရှားနေပေသည်။

မြေပြင်အခြေအနေတွင်ရခိုင်ပြည်နယ်၌ အစိုးရက တာဝန်ယူစီမံခန့်ခွဲလျက်ရှိသော နေရပ်စွန့်ခွာသူများအတွက် စောင့်ရှောက်ရေးစခန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့ကို ရရှိကြသကဲ့သို့ ဥပဒေနှင့်အညီ လွတ်လပ်စွာအလုပ်လုပ်ကိုင်ခွင့်၊ အသက်မွေးဝမ်းကျောင်းခွင့်၊ ပညာသင်ကြားခွင့်၊ ဆေးဝါးကုသခွင့်နှင့် ကိုးကွယ်ဝတ်ပြုခွင့်များလည်း ရရှိကြပြီး လူမျိုးသုဉ်းရန်ဝေးစွ လူဦးရေပင် မှန်မှန်ကြီး တိုးပွားလျက်ရှိကြောင်း နိုင်ငံတကာမှ သံတမန်များ၊ သတင်းစာသမားများကိုယ်တိုင် မျက်မြင်တွေ့ရှိကြစေရန် ခေါ်ယူဖိတ်ကြားပြသခဲ့ပြီးဖြစ်သည်။ လုံခြုံရေးအခြေအနေအရ ယာယီနေရပ်စွန့်ခွာသူများကိုလည်း လူမျိုး၊ ဘာသာမခွဲခြားဘဲ ကာကွယ်စောင့်ရှောက် ထောက်ပံ့ပေးလျက်ရှိသည်။

သို့သော်လည်း အဆိုပါဆောင်းပါးရှင်သည် အင်အားကြီးမားသော မီဒီယာစွမ်းအားကို အလွဲသုံးစားပြုလျက် အမှန်တရားကို ဥပေက္ခာပြုကာ မမှန်သတင်းအချက်အလက်များဖြင့် မှိုင်းတိုက်၍ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားသေးသိမ်အောင် တမင်သက်သက် ဆောင်ရွက်နေခြင်းသာဖြစ်မည်ဟု ယူဆရဖွယ်ရှိပေသည်။ ထိုသို့ မဟုတ်မမှန်လုပ်ကြံပြောဆိုမှုကို မတုံ့ပြန်ဘဲ ထားရှိပါက အမှားကြာလျှင် အမှန်ထင်သွားတတ်သည့်အတွက် အမှားတွေ့လျှင် အမှန်ပြင်ရမည့် တာဝန်ကိုယူကာ ရေးသားဖြေရှင်းလိုက်ရခြင်း ဖြစ်ပါသတည်း။ ။

# ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)၊ ဒဂုံတက္ကသိုလ်နှင့် သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်မည့်မြေနေရာ၊ ကျောင်းသူအိပ်ဆောင်ဆောက်လုပ်မည့်မြေနေရာ၊ ပါမောက္ခချုပ်နေအိမ်ဆောက်လုပ်နေမှုနှင့် အပန်းဖြေရိပ်သာဆောက်လုပ်ပြီးစီးမှုအခြေအနေတို့ကို ယနေ့နံနက်ပိုင်းတွင်ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်အတွင်းရှိစာသင်ဆောင်များကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည်ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့နှင့်အတူ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဒဂုံတက္ကသိုလ်ရေစုကန်အဆိုပြုနေရာချထားမှုပုံစံများ၊ အားကစားကွင်း၊ ဆရာ၊ ဆရာမ၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်နှင့် အပန်းဖြေရိပ်သာတည်ဆောက်ရေးလုပ်ငန်းများ၊ စာသင်ဆောင်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများကိုဆွေးနွေးကြသည်။

ထို့ပြင် ဒဂုံတက္ကသိုလ်မီးရထားဘူတာရုံ၊ YBS ကားများ စနစ်တကျရပ်နားရေး၊ သုတေသနနှင့်ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ ရေရှည်အကျိုးရှိထိရောက်စွာအသုံးပြုနိုင်ရေး ကြည့်ရှုစစ်ဆေးပြီး မဟာသိပ္ပံနောက်ဆုံးနှစ်ကျောင်းသား၊ ကျောင်းသူများ၏ စာတမ်းဖတ်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# MSME များအတွက် ဈေးကွက်ဆန်းစစ်ခြင်းနည်းလမ်း သင်တန်းဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၂၉

MSME များအတွက် ဈေးကွက်ဆန်းစစ်ခြင်းနည်းလမ်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်သုတေသနလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပြီးမှသာ ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်လျှင် **"ထုတ်ပြီးမှ ဈေးကွက်ရှာသူ"** မဟုတ်တော့ဘဲ **"ဈေးကွက်သိပြီးမှ ထုတ်လုပ်သူ"** ဖြစ်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းတစ်ခု စတင်ဆောင်ရွက်လျှင် အကျိုးအမြတ်ကို ဦးစွာစဉ်းစားပြီး ကုန်ပစ္စည်းထုတ်လုပ်ခြင်းထက် ဈေးကွက်အခြေအနေကို သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းရှင်များအား နည်းပညာရရှိရေး၊ နည်းပညာကို အသုံးပြုနိုင်သည့်ကျွမ်းကျင်မှုရှိအောင်လေ့ကျင့်ပေးရေး၊ ထုတ်ကုန်များအရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီအောင် မြှင့်တင်ပေးရေး၊ ပြည်တွင်းနှင့် ပြည်ပဈေးကွက်များတွင် အမှန်တကယ်ဝင်ရောက်ရောင်းချနိုင်အောင် ချိတ်ဆက်ပေးရေးတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ MSME များသည် ရေရှည်တည်တံ့စွာ တိုးတက်နိုင်မည်ဖြစ်ကြောင်းပြောကြားပြီး သင်တန်းနည်းပြဆရာ၊ ဆရာမများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

သင်တန်းဖွင့်ပွဲအပြီးတွင် သုတေသနဌာနခွဲ(ပြင်ဦးလွင်) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်သွားရောက်တွေ့ဆုံဆွေးနွေးပြီး သုတေသနဌာနခွဲတွင် MSME ထုတ်ကုန်များ၏ အရည်အသွေးစမ်းသပ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**





# မြန်မာ့ရိုးရာလက်မှုပစ္စည်းများ တရုတ်နှင့်ကိုရီးယားခရီးသွားများ စိတ်ဝင်တစားလေ့လာဝယ်ယူ



ရန်ကုန် ဩဂုတ် ၂၉

ပုဂံဒေသ မြင်းကပါရွာမှထွက်ရှိသည့် ယွန်းထည်ပစ္စည်းအမျိုးပေါင်း ၃၀ ကျော်နှင့် မန္တလေးနှင့်ပဲခူးမြို့တို့မှထွက်ရှိသည့်သစ်သားပစ္စည်း ၅၀ ကျော်အပြင် ပုဂံဒေသထွက် သဲပန်းချီ၊ ယွန်းပန်းချီနှင့် မန္တလေးဒေသထွက်ကျောက်စီပန်းချီနှင့် ရွှေချည်ငွေချည်ထိုးပန်းချီကားများ စသည်ဖြင့် မြန်မာ့ရိုးရာလက်မှုပစ္စည်းများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ရန် ရန်ကုန်မြို့ သိမ်ဖြူလမ်းအတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိရာ တရုတ်နှင့်ကိုရီးယားခရီးသွားများ အထူးစိတ်ဝင်တစားလေ့လာဝယ်ယူကြောင်း သိရသည်။

"မြန်မာမှုကို မြတ်နိုးတဲ့သူတွေ ပုဂံကိုတကူးတကသွားစရာမလိုဘဲ ရန်ကုန်မြို့မှာ မြန်မာ့လက်မှုပစ္စည်းဝယ်လို့ရရင် သိပ်ကောင်းမှာပဲလို့ တွေးမိရာက ဆိုင်ဖွင့်ဖြစ်သွားတာပါ။ ရန်ကုန်မြို့ခံတွေလည်း အားပေးသလို နိုင်ငံခြားသားတွေလည်း လာရောက်အားပေးကြပါတယ်။ ပြည်တွင်းထုတ်ကုန်ကို နိုင်ငံသားတွေမြတ်နိုးတန်ဖိုးထားမှ အခြားနိုင်ငံတွေက အလေးထားမှာပါ။ နိုင်ငံခြားသားတွေထဲမှာဆိုရင် တရုတ်နဲ့ကိုရီးယားက မြန်မာ့လက်မှုပစ္စည်းကို ပိုပြီးဝယ်ယူအားပေးကြပါတယ်"ဟု အဆိုပါမြန်မာ့လက်မှုပစ္စည်းအရောင်းဆိုင်တာဝန်ခံကပြောသည်။

အဆိုပါအရောင်းဆိုင်၌ ရန်ကုန်မြို့ရှိ ဟိုတယ်၊ တည်းခိုခန်း၊ ကုမ္ပဏီ၊ စားသောက်ဆိုင်နှင့် နေအိမ်များတွင် အလှဆင်နိုင်ရန် ယွန်းထည်များဖြစ်သည့် မြန်မာ့စောင်း၊ ပတ္တလား၊ ယွန်းဆွမ်းအုပ်၊ ယွန်းရွှေဖလား၊ ယွန်းလက်ကောက်၊ ယွန်းဆွဲကြိုး၊ ကြယ်သီး၊ ဗီရို၊ အံဆွဲ၊ သေတ္တာ၊ ရေနွေးအိုး၊ ဝိုင်ခွက်၊ ဇီးကွက်၊ ရှေးရိုးရာထမင်းချိုင့်နှင့် အခြားအသုံးအဆောင်ပစ္စည်းများ၊ သစ်သားပစ္စည်းများဖြစ်သည့် ကရဝိက်ဖောင်တော်၊ ရေနွေးအိုးအစုံ၊ မြန်မာ့ဆိုင်းဝိုင်း၊ ဆေးတံ၊ မီးဖိုချောင်သုံးပစ္စည်းမျိုးစုံ၊ အရုပ်မျိုးစုံ၊ ပုတီးမျိုးစုံ၊ လာဘ်ကောင်မျိုးစုံနှင့် အရုပ်မျိုးစုံကိုလည်း ပြသထားသည်။

ထို့ပြင် မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်များဖြစ်သည့် မန္တလေးတောင်၊ မန္တလေးကျုံး၊ ဦးပိန်တံတား၊ စောင်းအလှနှင့် ပုဂံနန်းတွင်းသူအလှတို့ကို စတေကာရိုက်နှိပ်ထားသောအင်္ကျီများ၊ ဘော်ကြယ်များဖြင့် အလှဆင်ထားသည့် အင်္ကျီများကိုလည်း ပြသရောင်းချလျက်ရှိရာ စိတ်ဝင်တစားလေ့လာကြည့်ရှုဝယ်ယူကြကြောင်း သိရသည်။

**သစ္စာ(MNA)**

# မြန်မာအနုညာတခုံသမာဓိများအဖွဲ့ ပထမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

College of Myanmar Arbitrators မြန်မာအနုညာတခုံသမာဓိများအဖွဲ့ ပထမအကြိမ်အသင်းသားစုံညီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး မင်းရဲကျော်စွာလမ်းရှိ UMFCCI တွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ မြန်မာအနုညာတခုံသမာဓိများအဖွဲ့ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာမောင်မောင်သိမ်းနှင့် အသင်းဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြန်မာအနုညာတခုံသမာဓိများအဖွဲ့ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဒေါက်တာမောင်မောင်သိမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ယင်းနောက် ဝဏ္ဏကျော်ထင်ဒေါက်တာမောင်မောင်သိမ်းက ဂုဏ်ထူးဆောင်နာယက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်အား နာယကအဆောင်အယောင်အပ်နှင်းခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

မြန်မာနိုင်ငံတွင် အနုညာတခုံသမာဓိဖြင့် အငြင်းပွားမှုများဖြေရှင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ၂၀၁၆ ခုနှစ် အနုညာတခုံသမာဓိဥပဒေဖြင့် စနစ်တကျပြဋ္ဌာန်းထားသည်။ ထို့ပြင် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများအကြားဖြစ်ပွားသော စီးပွားရေးဆိုင်ရာအငြင်းပွားမှုများကို ဥပဒေကြောင်းအရ ထိရောက်စွာဖြေရှင်းပေးနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)လက်အောက်တွင်မြန်မာနိုင်ငံအနုညာတခုံသမာဓိဌာနကို သီးခြားဖွဲ့စည်းဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။ **လင်းခန့်**

## သံလွင်မြစ်ရေနှင့်စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၉

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁ ပေ ၇ လက်မခန့်ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၆ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ ပေ ၇ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# Cyber Security Awareness Video Competition - 2026(University Level) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

Cyber Security Awareness Video Competition – 2026 (University Level) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ၊ ဒီဂျစ်တယ်နှင့် လူငယ် စကားဝိုင်းဆွေးနွေးပွဲနှင့် Myanmar Cyber Security Challenge – 2026 (MCSC–2026) ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅)နှင့် ရုံးအမှတ် (၂)တို့၌ကျင်းပသည်။





ဆုချီးမြှင့်ပွဲတွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ယနေ့ခေတ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုသည် သီးခြားစီမဟုတ်တော့ဘဲ တစ်ခုနှင့်တစ်ခု အပြန်အလှန် ချိတ်ဆက်နေသော ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံအင်အားများဖြစ်လာကြောင်း၊ ဒီဂျစ်တယ်နည်းပညာကို နည်းပညာအသုံးချမှုတစ်ခုအဖြစ်သာ မမြင်ဘဲ စီးပွားရေးတိုးတက်မှု၊ ပြည်သူ့ဝန်ဆောင်မှုကောင်းမွန်မှု၊ လူမှုဘဝတိုးတက်မှုနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်ပေးနိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစုတစ်ရပ်အဖြစ် အသုံးချသွားရန်ဖြစ်ကြောင်း၊ ချိတ်ဆက်မှုရှိသော၊ အားလုံးပါဝင်နိုင်သော၊ ဆန်းသစ်တီထွင်မှုကို အားပေးသည့် လုံခြုံစိတ်ချရပြီး ယုံကြည်စိတ်ချရသော ဒီဂျစ်တယ်ဂေဟစနစ်တစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။


ဆက်လက်၍ Cyber Security Awareness Video Competition – 2026 (University Level) ပြိုင်ပွဲတွင် ပထမဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)မှ မောင်ကောင်းခန့်ကျော်စွာ၊ ဒုတိယဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)မှ မယုယတွယ်တာဦး၊ တတိယဆုရရှိသော ရန်ကုန်နည်းပညာတက္ကသိုလ်မှ မချောသီရိခိုင်၊ နှစ်သိမ့်ဆုရရှိသော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)မှမောင်အောင်ထင်နှင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ မောင်ထူးမြတ်မင်းအိမ်တို့အား ဂုဏ်ပြုဆုပေးအပ်ပြီး အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းများပေးအပ်ကာ Myanmar Cyber Security Challenge– 2026 ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယခု ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဗီဒီယိုဖိုင်အား Cyber Security Brunei က တာဝန်ယူဆောင်ရွက်သော ASEAN–Japan Cyber Security Awareness Video Competition 2026 တွင် မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

Myanmar Cyber Security Challenge – 2026 ပြိုင်ပွဲကို တပ်မတော်နည်းပညာတက္ကသိုလ်၊ Naypyitaw State Academy၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ပြည်)၊ ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)၊ ကွန်ပျူတာတက္ကသိုလ် (သထုံ)၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)နှင့် Polytechnic တက္ကသိုလ် (မအူပင်) တို့မှ အသင်း ၂၅ သင်း၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ TiNiNi အသင်းက ပထမ၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်မှZ4_N@7_K4အသင်းက ဒုတိယနှင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ Team_Mahawthadar အသင်းက တတိယရရှိခဲ့ကြပြီး ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆုရရှိသူများကို ဆုများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## မိုးလေဝသ သတင်း




**ထူးခြားသည့်နေ့အပူချိန်များ**

| | |
|---|---|
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၇.၈ ̊C |
| မြင်းမူ | ၃၆.၅ ̊C |
| ချောက် | ၃၆.၁ ̊C |
| မန္တလေး | ၃၆ ̊C |
| ပခုက္ကူ | ၃၆ ̊C |
| ရေဦး | ၃၅.၇ ̊C |
| ညောင်ဦး | ၃၅.၅ ̊C |
| မိုင်းယန်း | ၃၅.၅ ̊C |
| စစ်ကိုင်း | ၃၅.၄ ̊C |

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

| | |
|---|---|
| ဟိုင်းကြီးကျွန်း | (၅.၄၃)လက်မ |
| ချောင်းဆုံ | (၅.၄၃)လက်မ |
| ကျိုက်မရော | (၄.၈၅)လက်မ |
| မုဒုံ | (၄.၈၁)လက်မ |
| မြိတ် | (၄.၇၆)လက်မ |
| ဘီးလင်း | (၄.၇၆)လက်မ |
| မော်လမြိုင် | (၄.၂၅)လက်မ |
| လပွတ္တာ | (၄.၁၃)လက်မ |
| ကျုံပျော် | (၄.၀၆)လက်မ |
| ကြာအင်းဆိပ်ကြီး | (၃.၄၄)လက်မ |
| သိမ်ဇရပ် | (၃.၃၅)လက်မ |
| ကျိုက္ခမီ | (၃.၁၁)လက်မ |


| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၄ | ၃၃ |
| ရှမ်း(မြောက်) | ၂၁ | ၃၀ |
| ရှမ်း(အရှေ့) | ၂၂ | ၃၀ |
| ရှမ်း(တောင်) | ၁၉ | ၂၉ |
| ချင်း | ၁၅ | ၂၃ |
| စစ်ကိုင်း(အထက်) | ၂၅ | ၃၄ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၄ |
| နေပြည်တော် | ၂၅ | ၃၀ |
| မန္တလေး | ၂၇ | ၃၆ |
| မကွေး | ၂၅ | ၃၄ |
| ရခိုင် | ၂၅ | ၃၀ |
| ပဲခူး | ၂၅ | ၃၂ |
| ရန်ကုန် | ၂၄ | ၃၂ |
| ဧရာဝတီ | ၂၄ | ၃၀ |
| ကယား | ၂၀ | ၂၈ |
| ကရင် | ၂၁ | ၂၉ |
| မွန် | ၂၄ | ၃၀ |
| တနင်္သာရီ | ၂၄ | ၃၀ |

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၂၉**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၈-၈-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃၀-၈-၂၀၂၆ ရက်နေ့မှ ၂-၉-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာလ ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့်မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# နိုင်ငံတစ်ဝန်းရေကြီးရေလျှံမှုများ လျှော့ချနိုင်ရေးဆောင်ရွက်ရာတွင် အရေးကြီးသည့်ရေတိုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရသကဲ့သို့ ရေရှည်အတွက်လည်း စနစ်တကျသုံးသပ်တွက်ချက်ပြီး ပြင်ဆင်ဆောင်ရွက်သွားရန်လို

★ ရှေ့ဖုံးမှအဆက်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ညောင်တုန်းကျွန်းတာ တာကိုယ်ထည်ရေတိုက်စားမှုဖြစ်ပေါ်ခဲ့သည့် နေရာသို့ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများ၊ ဒေသခံရပ်မိရပ်ဖများနှင့်ပြည်သူများက တိုးမြစ်အတွင်းမြစ်ကြမ်းပြင် ရေတိုက်စားမှုအခြေအနေများ၊ ဧရာဝတီမြစ်ခွဲမှ ခွဲထွက်သွားသည့် တိုးမြစ်၏အစပိုင်း ပေ ၄၅၀၀ ခန့်အကွာ၌ မြစ်ကွေ့နေရာတည်ရှိပြီး မြစ်ကွေ့နေရာ ၂ မိုင်ခန့်အတွင်း ရေနက်စီးကြောင်းသည် မာယူ/ချောင်းဖျားကျေးရွာ၊ ချောင်းကြီးကျေးရွာ၊ ဂန်ချောင်းကျေးရွာနှင့် ထုံးဝကျေးရွာများသို့ ဦးတည်ရွေ့လျားပြောင်းလဲလာပြီး မြစ်ကမ်းပါးရေတိုက်စားမှုများကြောင့် နှစ်စဉ် ကမ်းပါးပြိုကျ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများ၊ ကေ ၈၅၀ ပေါ်ထွန်းတည်ရှိနေသည့် အခြေအနေများ၊ ဒေသတွင်းရေဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် မူလတာ၏အနောက်ဘက်များတွင် ပန်းတာ၊ ဖြတ်တာများအား ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ယခုဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း ၁၂ ခုခန့် ဆောင်ရွက်ပေးခဲ့သည့်အခြေအနေများ၊ ယခု ညောင်တုန်းကျွန်းတာ တာကိုယ်ထည် ရေတိုက်စားမှုဖြစ်ပွားခဲ့မှုအား ကာကွယ်နိုင်ရေးအတွက် တာခြေတွင် တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်း၊ ကမ်းရင်းတာ Bund Slope တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏ အရှေ့ဘက်ဆင်ခြေလျှောတိုက်စားမှုကာကွယ်ရန် Geo Textile ခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများ၊ ပန်းတနော်မြို့နယ်ရှိ ဒေါင့်ကြီး၊ နံ့ဂါတ်၊ တောကျောင်း၊ ပေါက်ချောင်း၊ ကဇင်းတော၊ ဂန်ချောင်းကျေးရွာအနီး မြစ်ရေတိုက်စားမှုကြောင့် နှစ်စဉ် ပေ ၁၅၀ မှ ၂၆၅ ပေခန့်အထိ မြစ်ကမ်းပါးပြိုကျမှုများဖြစ်ပေါ်ခဲ့ပြီး ၁၉၈၀ ခုနှစ်မှ ယနေ့အထိ နှစ်ပေါင်း ၄၀ ကျော်အတွင်း စိုက်ပျိုးမြေများအပါအဝင် စုစုပေါင်း မြေဧရိယာ ၁၀၀၀ ကျော်ခန့်ပျက်စီးဆုံးရှုံးခဲ့ကာ မြစ်တစ်ဖက်ကမ်းတွင် မြေနုကျွန်းကျောင်းစု၊ ကသဲဝင်ကျေးရွာများနှင့် မအူပင်မြို့နယ်ရှိ ချောင်းကြီး၊ ဂန်ချောင်း၊ လှည်းဆိပ်ကျေးရွာများ ကမ်းပြိုမှု ကင်းဝေးရန်နှင့် ဧရာဝတီမြစ်ရေလမ်းဖွံ့ဖြိုးရေးအတွက် ရေရှည်ဆောင်ရွက်သင့်သည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည်ရေတိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**❖ ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ သဘာဝဘေးဒဏ်နှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ရပ်မျိုးစုံကြုံတွေ့ရလျက်ရှိပြီး လတ်တလောဖြစ်ပေါ်ခဲ့သည့် နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်ကို သင်ခန်းစာယူ၍ ရာသီဥတုပြောင်းလဲမှု (Climate Change)၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရေရှည်အကျိုးအတွက် စီမံတွက်ချက်ဆောင်ရွက်သွားကြရန်လို. . .**

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လာမည့်နှစ်များအတွင်း ယခုကဲ့သို့ တာပေါင်များရေတိုက်စားမှုဖြစ်စဉ်များနှင့် ရေကြီးရေလျှံမှုဖြစ်စဉ်များ လျှော့ကျစေရေးအတွက်မြစ်ကြောင်းများတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများအားလုံး၏ ရေစီးရေလာမှုနှင့် ရေဝင်ရေထွက်မှုများ၊ မြစ်ကြမ်းခင်း Bed level များအား စဉ်ဆက်မပြတ်သုတေသနပြုမှတ်တမ်းတင်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ လိုအပ်သည့် ရေကြောင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် နုန်းဆယ်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ်ဖြစ်ပွားမှုများကို ကြိုတင်တားဆီးကာကွယ်လျှော့ချခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ ရေစီးဆင်းရာလမ်းကြောင်းအတိုင်း စီးဆင်းနိုင်မှုမရှိခြင်းကြောင့်သာ ရေများအထက်မှအောက်သို့ မစီးဆင်းနိုင်ဘဲ ဘေးဘက်နေရာများသို့ တိုက်စားစီးဆင်းသွားခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြစ်ချောင်းများ၏ရေစီးရေလာအခြေအနေများအား အမြဲမပြတ်လေ့လာဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့် မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေရန်လိုကြောင်း။

ရေလမ်းကြောင်းပေါ်ရှိ မြေနုကျွန်းများ တူးထုတ်ရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း စက်သုံးဆီသုံးစွဲမှုအခက်အခဲမဖြစ်ပေါ်စေရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားကိုအသုံးပြုသည့် မြေတူးစက်များဖြင့် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီမြစ်အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းများတစ်လျှောက်သောင်တူးဖော်ခြင်းလုပ်ငန်းများကို လျာထားဆောင်ရွက်

# ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ်မြောက် နိုင်ငံတကာလွှတ်တော်များညီလာခံသို့တက်ရောက်

ရန်ကုန် ဩဂုတ် ၂၉

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင်နှင့် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဒေါက်တာကျော်ထွန်းတို့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ကျင်းပသည့် ဒုတိယအကြိမ်မြောက် နိုင်ငံတကာလွှတ်တော်များညီလာခံသို့ တက်ရောက်ရန် ဩဂုတ်လ ၂၅ ရက်မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှထွက်ခွာခဲ့ပြီး ညပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်လွှတ်တော်မှ တာဝန်ရှိသူများနှင့် မြန်မာသံရုံးမှ တာဝန်ရှိသူတို့က နွေးထွေးစွာကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။



ဒုတိယဥက္ကဋ္ဌဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ဩဂုတ်လ ၂၆ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr.Ouch Borith နှင့် တာဝန်ရှိသူတို့နှင့်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဩဂုတ်လ ၂၇ ရက်တွင် ဒုတိယအကြိမ်မြောက် နိုင်ငံတကာလွှတ်တော်များ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၂၈ ရက် ညပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ လေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၉-၈-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟိုင်းကြီးကျွန်း | ၅ | ဒသမ | ၄၃ | လက်မ |
| ချောင်းဆုံ | ၅ | ဒသမ | ၄၃ | လက်မ |
| ကျိုက်မရော | ၄ | ဒသမ | ၈၅ | လက်မ |
| မုဒုံ | ၄ | ဒသမ | ၈၁ | လက်မ |
| မြိတ် | ၄ | ဒသမ | ၇၆ | လက်မ |
| ဘီးလင်း | ၄ | ဒသမ | ၇၆ | လက်မ |
| မော်လမြိုင် | ၄ | ဒသမ | ၂၅ | လက်မ |
| လပွတ္တာ | ၄ | ဒသမ | ၁၃ | လက်မ |
| ကျုံပျော် | ၄ | ဒသမ | ၀၆ | လက်မ |
| သိမ်ဇရပ် | ၃ | ဒသမ | ၃၅ | လက်မ |
| ကျိုက်ခမီ | ၃ | ဒသမ | ၁၁ | လက်မ |

သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရေကြီးရေလျှံမှုများကို များစွာလျော့ပါးစေနိုင်မည်ဖြစ်ကြောင်း၊ **နိုင်ငံတစ်ဝန်းရေကြီးရေလျှံမှုများ လျော့ချနိုင်ရေးဆောင်ရွက်ရာတွင် အရေးကြီးသည့်ရေတိုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရသကဲ့သို့ ရေရှည်အတွက်လည်း စနစ်တကျသုံးသပ်တွက်ချက်ပြီး ပြင်ဆင်ဆောင်ရွက်သွားရန်လို**ကြောင်း၊ မြစ်ချောင်းများတစ်လျှောက် ပိတ်ဆို့နိုင်သည့်နေရာများကို စနစ်တကျရှင်းလင်းဆောင်ရွက်သွားမည်ဆိုပါက ရေစီးဆင်းမှုများကောင်းမွန်ပြီး ရေကြီးရေလျှံမှုများကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တာကိုယ်ထည်မြစ်ကမ်း ရေတိုက်စားမှုကြောင့် ပြိုကျမှုများကို အချိန်မီထိန်းသိမ်းပြုပြင်ဆောင်ရွက်သကဲ့သို့ အခြားတာရိုးများတစ်လျှောက် ရေတိုက်စားနိုင်သည့် နေရာများကိုလည်း ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းများဆောင်ရွက်သွားကြရန်လိုကြောင်း။

လက်ရှိအချိန်တွင် **ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ သဘာဝဘေးဒဏ်နှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ရပ်မျိုးစုံကြုံတွေ့ရလျက်ရှိပြီး လတ်တလောဖြစ်ပေါ်ခဲ့သည့် နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်ကို သင်ခန်းစာယူ၍ ရာသီဥတုပြောင်းလဲမှု (Climate Change)၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားကာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရေရှည်အကျိုးအတွက် စီမံတွက်ချက်ဆောင်ရွက်သွားကြရန်လို**ကြောင်း။

ယခု ရေတိုက်စားမှုဖြစ်ပေါ်ခဲ့သည့် ညောင်တုန်းကျွန်းတာ ရေတိုက်စားမှု ယာယီတားဆီးကာကွယ်နိုင်ရေး ဆောင်ရွက်နေမှုများနှင့် ဟသ်ာတခရိုင်၊ လေးမျက်နှာမြို့နယ်ရှိ ငဝန်တာတမံနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား အမြန်ဆုံးပြီးစီးနိုင်ရေးအတွက်လည်း ရနိုင်သမျှသောအင်အားစုများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း။

တစ်ချိန်တည်း၌ပင် ရေကြီးရေလျှံမှုကြောင့် ဒေသခံပြည်သူများ၏ နေအိမ်၊ စိုက်ပျိုးရေးနှင့် လူမှုစီးပွားဘဝထိခိုက်မှုများကိုလည်း စနစ်တကျ စစ်တမ်းကောက်ယူသွားရန်လိုကြောင်း၊ လိုအပ်သည့်ကူညီကယ်ဆယ်ထောက်ပံ့မှုများ အချိန်မီပေးအပ်နိုင်ရေးနှင့် ပြည်သူများ၏ နေထိုင်စားသောက်ရေးအခက်အခဲမရှိစေရေး တာဝန်ရှိသူ သက်ဆိုင်ရာဌာနများအားလုံးကလည်း ဝိုင်းဝန်းကြိုးပမ်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ရန်ကုန်-မအူပင် သွားကားလမ်းဘေးဝဲယာတစ်လျှောက် ရေများမြောင်းပိတ်ဆို့မှုမဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသည့်အဖွဲ့အစည်းများက စနစ်တကျဖြင့် ရှင်းလင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရေထွက်လမ်းကြောင်းများ ကောင်းမွန်နေမှသာ ရေကြီးရေလျှံမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ကားလမ်းတစ်လျှောက်ရေကျော်သည့်နေရာများ၌ လမ်းသားမြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တာပေါင်ပြုပြင်ရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညောင်တုန်းကျွန်းတာ တာကိုယ်ထည် ရေတိုက်စားမှုဖြစ်ပွားခဲ့မှုအပေါ် ယာယီကာကွယ်နိုင်ရေးအတွက် တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ ယာယီ ပန်းတာတည်ဆောက်ခြင်း၊ ကမ်းရင်းတာ Bund Slope တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏ အရှေ့ဘက်ဆင်ခြေလျှောတိုက်စားမှုကာကွယ်ရန် Geo Textile ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တာပေါင်ပြုပြင်ရာတွင် လက်ရှိအခြေအနေကိုသာ ဖြေရှင်းခြင်းမဟုတ်ဘဲ နောင်တွင် ရေမြင့်တက်လာသည့်အခြေအနေများကိုပါ ခံနိုင်ရည်ရှိစေရေး ထည့်သွင်းတွက်ချက်ကာ စနစ်တကျပြန်လည်တည်ဆောက်ပြုပြင်သွားရန်နှင့် လိုအပ်သည့် စက်ယန္တရား၊ လူအင်အားနှင့် ပစ္စည်းများကို စနစ်တကျစုစည်းအသုံးပြု၍ လုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တာပေါင်ပြုပြင်ရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**





ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်ရေတိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို တွေ့ရစဉ်။

### ◆ ကုန်စည်စီးဆင်းမှုမှ

အဆိုပါမြစ်ကြီးနားမြို့အဝင်ကုန်စစ်ဆေးရေးစခန်းကို ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း စိုက်ပျိုးထွက်ရှိသည့် တစ်သျှူးငှက်ပျော၊ ဖရဲ၊ ငရုတ်၊ ရော်ဘာ စသည့် စိုက်ပျိုးရေးသီးနှံပို့ကုန်များနှင့် တစ်ဖက်နိုင်ငံမှခွင့်ပြုထားသည့် သွင်းကုန်များအား တရားဝင်ကုန်သွယ်မှုဖြင့် နိုင်ငံတော်အခွန်ငွေရရှိစေရေး၊ တရားမဝင် ကုန်သွယ်မှုများပပျောက်စေရေးအတွက် ယာယီမြေနေရာများ ကွင်းဆင်းရှာဖွေဆောင်ရွက်ခဲ့ရာ ယခုဖွင့်လှစ်သည့် မိုင်းနားကျေးရွာအတွင်း တောင်သူဦးတင်မြင့်ပိုင် မြေနေရာအတွင်းရှိ ကုန်ချိန်းကွင်းနေရာ၌ ကုန်စစ်ဆေးရေးစခန်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါစခန်းဖွင့်ပွဲသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကားပြောကြားပြီး ကုန်စစ်ဆေးရေးစခန်းဆိုင်းဘုတ်ကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့မှ ဦးယွပ်ဇော်ခေါင်တို့နှင့်အတူ ဖွင့်လှစ်ပေးကာ စခန်းအတွင်း တစ်ဖက်တရုတ်နိုင်ငံမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများအား ဌာနဆိုင်ရာအစုအဖွဲ့များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်နေမှုနှင့် ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။



အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းအနေဖြင့် အိမ်ကွင်းတွင် လက်ခံကစားခဲ့ရသော်လည်း နော်တင်ဟမ်အသင်း၏ အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့မှုများကြောင့် အခက်တွေ့ခဲ့ရပြီး ပွဲချိန် မိနစ် ၂၀ တွင် အန်ဒိုယီက နော်တင်ဟမ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ကာ ပထမပိုင်းတွင် နော်တင်ဟမ်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန် ပွဲချိန် မိနစ် ၆၀ တွင် အီဆက်က လီဗာပူးအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၇၀ တွင် ပယ်နယ်တီမှတစ်ဆင့် ဂစ်ဗ်ှိုက်က နော်တင်ဟမ်အသင်းအတွက် ဦးဆောင်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲပြီးဆုံးခါနီးပွဲချိန် ၈၉ မိနစ်တွင် မူနော့က လီဗာပူးအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်ပြီး လီဗာပူးအသင်းအတွက် နှစ်ပွဲဆက် သရေရလဒ်ထွက်ပေါ်ခဲ့ကာ နိုင်ပွဲဆက်လက်ပျောက်ဆုံးခဲ့ရသည်။

လီဗာပူးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ပွဲစဉ်(၁)တွင် နယူးကာဆယ်အသင်းနှင့်ပွဲစဉ်၌ ၂ ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သကဲ့သို့ ယခုအခါ ပွဲစဉ်(၂) နော်တင်ဟမ်အသင်းနှင့်ပွဲစဉ်တွင်လည်း နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်ပြီး ပွဲစဉ်(၃)အဖြစ် စက်တင်ဘာလ ၅ ရက်တွင် အစ်ဗ့်စ်အသင်းနှင့်ဆက်လက်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**သင်မလိုသောမီးကိုပိတ်ထားခြင်းဖြင့် လိုအပ်သူများ အလင်းရပါစေ။**

# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

**ယမန်နေ့မှအဆက်**

၉၆။ MMS UNECE R 85:2013 မော်တော်ယာဉ်သုံးအင်ဂျင်များနှင့် လျှပ်စစ်မောင်းနှင်မှု စနစ်များ၏ စွမ်းအားတိုင်းတာ စစ်ဆေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၇။ MMS UNECE R 101:2005 မော်တော်ယာဉ်များ၏ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု၊ လောင်စာဆီသုံးစွဲမှု၊ လျှပ်စစ်စွမ်းအင်သုံးစွဲမှုနှင့် လျှပ်စစ်ဖြင့်မောင်းနှင်နိုင်သည့် အကွာအဝေးတို့အား တိုင်းတာခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၈။ MMS UNECE R 107:2023 M2 နှင့် M3 မော်တော်ယာဉ်များ၏ အထွေထွေ တည်ဆောက်ပုံနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၉။ MMS UNECE R 118:2023 မော်တော်ယာဉ်များ တည်ဆောက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၏ မီးလောင်လွယ်မှုနှင့် စက်သုံးဆီ (သို့မဟုတ်) ချောဆီများ မစုပ်ယူစေရန် ကာကွယ်နိုင်စွမ်းတို့နှင့်စပ်လျဉ်း၍ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၀။ MMS UNECE R 121:2015 ယာဉ်မောင်းသူ ဘေးကင်းလုံခြုံစိတ်ချစွာ မောင်းနှင်နိုင်ရန်အတွက် ကားအတွင်းပိုင်းက ခလုတ်များ၊ အချက်ပြမီးများနှင့် ဒိုင်ခွက်များကို စနစ်တကျ နေရာချထားခြင်းနှင့် သင်္ကေတပုံစံများ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာတစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၁။ MMS UNECE R 138:2017 အသံကြားရမှုအဆင့် လျော့နည်းခြင်းနှင့်စပ်လျဉ်း၍ အသံတိုးသော မော်တော်ယာဉ်များအား အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက် စည်းမျဉ်း

၁၀၂။ MMS UNECE R 148:2020 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များအတွက် မီးအချက်ပြစနစ်သုံး ကိရိယာများ မီးလုံး/ မီးခွက်များနှင့်စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၃။ MMS UNECE R 149:2020 စက်တပ်ယာဉ်များအတွက် လမ်းပေါ်တွင် အလင်းပေးသည့် ကိရိယာများ (Road Illumination device)နှင့် စနစ်များအား အတည်ပြုပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက် စည်းမျဉ်း

၁၀၄။ MMS UNECE R 150:2020 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များအတွက် အလင်းပြန်ပစ္စည်းများ၊ အမှတ်အသားများ (Retro–reflective devices and markings)နှင့် စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက် စည်းမျဉ်း

၁၀၅။ MMS UNECE R 152:2020 M1 နှင့် N1 မော်တော်ယာဉ်များ၏ အဆင့်မြင့်အရေးပေါ် ဘရိတ်စနစ် (AEBS)နှင့်စပ်လျဉ်း၍ မော်တော်ယာဉ် အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၆။ MMS ISO 10282:2023 တစ်ခါသုံး ပိုးသတ်ထားသော ရော်ဘာခွဲစိတ်ခန်းသုံး လက်အိတ်များ – စံသတ်မှတ်ချက်

၁၀၇။ MMS ISO 11193–1:2020 တစ်ခါသုံး ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးလက်အိတ်များ – အပိုင်း (၁) – ရော်ဘာစေးရည် သို့မဟုတ် ရော်ဘာအရည်ဖြင့် ပြုလုပ်ထားသော လက်အိတ်များအတွက် စံသတ်မှတ်ချက်

၁၀၈။ MMS ISO 11193–2:2006 တစ်ခါသုံး ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးလက်အိတ်များ – အပိုင်း(၂) – ပိုလီဗီနိုင်းကလိုရိုက်ဖြင့် ပြုလုပ်ထားသော လက်အိတ်များအတွက် စံသတ်မှတ်ချက်

၁၀၉။ MMS ASTM A 370 –24a သံမဏိထုတ်ကုန်များ၏ စက်မှုစမ်းသပ်ခြင်းအတွက် စံသတ်မှတ်ချက်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁၁၀။ MMS ASTM A 706/A 706 M–25 ကွန်ကရစ်အားဖြည့်ရန်အတွက် အစင်းပါသောနှင့် သတ္တုစပ်နည်းပါးသော ရိုးရိုးသံမဏိချောင်းများအတွက် စံသတ်မှတ်ထားသော သတ်မှတ်ချက်

၁၁၁။ MMS ASTM A 751–25 သံမဏိထုတ်ကုန်များအား ဓာတုဗေဒနည်းဖြင့် ခွဲခြမ်းစိတ်ဖြာခြင်းအတွက် သတ်မှတ်ထားသော စမ်းသပ်နည်းများနှင့် လုပ်ထုံးလုပ်နည်းများ

၁၁၂။ MMS ASTM C 62–23 ဆောက်လုပ်ရေးလုပ်ငန်းသုံးအုတ်များ (မြေစေး(သို့မဟုတ်) ကျောက်စေးဖြင့် ပြုလုပ်ထားသော အတွင်းပိတ်အုတ်များ)အတွက် စံသတ်မှတ်ချက်

၁၁၃။ MMS ASTM C 67/ C 67M–25 အုတ်နှင့်ဖွဲ့စည်းပုံဆိုင်ရာ မြေခဲအုတ်ပြားများအား နမူနာယူခြင်းနှင့် စမ်းသပ်ခြင်းအတွက် စံသတ်မှတ်ထားသော စမ်းသပ်နည်းလမ်းများ

၁၁၄။ MMS ISO 247–2:2018 ရော်ဘာ – ပြာမှုန်ပါဝင်မှု သတ်မှတ်ခြင်း – အပိုင်း (၂) – အပူချိန်ဖြင့် ဒြပ်ထုပြောင်းလဲမှုကို ခွဲခြမ်းစိတ်ဖြာသည့်နည်းလမ်း (TGA)

၁၁၅။ MMS ISO 4074:2026 သဘာဝရော်ဘာစေးဖြင့် ပြုလုပ်ထားသော အမျိုးသားသုံး ကွန်ဒုံးများ – လိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၁၁၆။ MMS ISO 6101–6:2018 ရော်ဘာ – အက်တမ်စုပ်ယူမှု ရောင်စဉ်တိုင်းကိရိယာဖြင့် သတ္တုပါဝင်မှုဆုံးဖြတ်ခြင်း – အပိုင်း (၆) – မဂ္ဂနီဆီယမ်ပါဝင်မှုဆုံးဖြတ်ခြင်း

၁၁၇။ MMS ISO 23464:2020 နိုက်ထရိုင်းလ် (Nitrile) ဖြင့်ပြုလုပ်ထားသော သန့်စင်ခန်းသုံး လက်အိတ်များ – စံသတ်မှတ်ချက်

၁၁၈။ MMS ISO/IEC 27002:2022 သတင်းအချက်အလက် လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးနှင့်ကိုယ်ရေးကိုယ်တာအကာအကွယ်ပေးရေး – သတင်းအချက်အလက် လုံခြုံရေးအတွက် ထိန်းချုပ်ရေးနည်းလမ်းများ

၁၁၉။ MMS ISO 20022–1:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍ ဆိုင်ရာသတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း(၁) – မီတာမော်ဒယ် (အခြေခံပုံစံ ဖွဲ့စည်းမှု)

၁၂၀။ MMS ISO 20022–2:2013 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာသတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း (၂) – UML (ပေါင်းစပ်မော်ဒယ်လ် ဘာသာစကား) ပရိုဖိုင်

၁၂၁။ MMS ISO 20022–3:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာသတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း (၃) – ပုံစံဖွဲ့စည်းခြင်း

၁၂၂။ MMS ISO 20022–4:2013 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာသတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း (၄) – XML Schema ဖန်တီးခြင်း

၁၂၃။ MMS ISO 20022–5:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာသတင်းစကားပုံစံ သတ်မှတ်ချက် – အပိုင်း(၅) – အယူအဆအဆင့် အပြန်အလှန်ချိတ်ဆက်သုံးစွဲနိုင်မှုနှင့် နောက်ပြန်ဆန်းစစ်ခြင်း

၁၂၄။ MMS ISO 20022–6:2013 ဘဏ္ဍာရေး ဝန်ဆောင်မှု လုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍ ဆိုင်ရာ သတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း (၆) – မက်ဆေ့ချ်ပို့ဆောင်ခြင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ

၁၂၅။ MMS ISO 20022–7:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍ ဆိုင်ရာသတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း (၇) – စာရင်းသွင်းခြင်း (သို့မဟုတ်) မှတ်ပုံတင်ခြင်း

၁၂၆။ MMS ISO 20022–8:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍ ဆိုင်ရာသတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း (၈) – ASN.1 ဖန်တီးခြင်း

၁၂၇။ MMS ISO/TR 23455:2019 ဘလော့ချိန်းနှင့်ဖြန့်ဝေထားသော စာရင်းအင်းနည်းပညာများ – ဘလော့ချိန်းနှင့် DLT စနစ်များရှိ စမတ်စာချုပ်များ၏ ခြုံငုံသုံးသပ်ချက်နှင့် ၎င်းတို့အကြား အပြန်အလှန်ဆက်စပ်ဆောင်ရွက်မှုများ

၁၂၈။ MMS ISO/ASTM 52900:2021 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – အခြေခံအချက်များနှင့် ဝေါဟာရ

၁၂၉။ MMS ISO/ASTM 52901:2017 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – ဝယ်ယူထားသော AM အပိုင်းအစများအတွက် လိုအပ်ချက်များ

၁၃၀။ MMS ISO/ASTM 52910:2018 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ဒီဇိုင်းပုံဖော်ခြင်း – လိုအပ်ချက်များ၊ လမ်းညွှန်မှုများနှင့် အကြံပြုချက်များ

၁၃၁။ MMS ISO/ASTM 52911–1:2019 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ဒီဇိုင်းပုံဖော်ခြင်း – အပိုင်း(၁) – သတ္တုများအတွက်လေဆာအသုံးပြု၍ အမှုန့်အလွှာကို ပေါင်းစပ်အရည်ကျိုသည့်နည်းလမ်း

၁၃၂။ MMS ISO/ASTM 52915:2020 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) ဖိုင် ပုံစံသတ်မှတ်ချက် (AMF) အတွက် စံသတ်မှတ်ချက် – ဗားရှင်း ၁.၂

၁၃၃။ MMS ISO/ASTM 52927:2024 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – အဓိကဂုဏ်သတ္တိများနှင့် ယင်းတို့အတွက် သက်ဆိုင်ရာ စစ်ဆေးနည်းများ

၁၃၄။ MMS ISO/ASTM 52942:2020 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – အရည်အချင်း စစ်ဆေးခြင်းဆိုင်ရာ စည်းမျဉ်းများ – အာကာသယာဉ်သုံး လေဆာအမှုန့်အလွှာပေါင်းစပ် သတ္တုထုတ်လုပ်ရေးစက်များနှင့်စက်ပစ္စည်းများအတွက် စက်ကိုင်တွယ်သူများ၏အရည်အချင်းသတ်မှတ်ခြင်း

၁၃၅။ MMS ISO/ASTM 52950:2021 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – ဒေတာပြင်ဆင်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ခြုံငုံသုံးသပ်ချက်

၁၃၆။ MMS ISO 17295:2023 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – အထွေထွေအခြေခံမှုများ – ထုတ်လုပ်မည့်အစိတ်အပိုင်း၏ နေရာချထားခြင်း၊ ကိုသြဒိနိတ်စနစ်နှင့် ဦးတည်ချက် သတ်မှတ်ခြင်း

၁၃၇။ MMS ISO 17296–2:2015 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – အပိုင်း (၂) – ထုတ်လုပ်မှုလုပ်ငန်းစဉ် အမျိုးအစားများနှင့် ပါဝင်အသုံးပြုသော ပစ္စည်းများဆိုင်ရာ ခြုံငုံသုံးသပ်ချက်

၁၃၈။ MMS ISO 740:1976 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ကာဗွန်နိတ် – စုစုပေါင်းပျော်ဝင်သည့် အယ်ကာလီပမာဏကို တိုင်းတာခြင်း – တိုက်ထရေးရှင်း ဓာတ်ခွဲနည်းစဉ်

၁၃၉။ MMS ISO 918:1983 စက်မှုလုပ်ငန်းသုံး အငွေ့ပြန်နိုင်သော အော်ဂဲနစ်အရည်များ – ပေါင်းခံခြင်းဆိုင်ရာ ဝိသေသလက္ခဏာများကို တိုင်းတာခြင်း

၁၄၀။ MMS ISO 2480:1972 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ကလိုရိုဒ်– ဆာလဖိတ်ပါဝင်မှုကို တိုင်းတာခြင်း – ဘေရီယမ်ဆာလဖိတ် ဂရက်ဗီမက်ထရစ်နည်းစဉ်

၁၄၁။ MMS ISO 5796:2000 ရော်ဘာပေါင်းစပ်ပါဝင်ပစ္စည်းများ– သဘာဝကယ်လစီယမ် ကာဗွန်နိတ် – စမ်းသပ်ခြင်းနည်းစဉ်

၁၄၂။ MMS ISO 701:1998 နိုင်ငံတကာဂီယာအမှတ်အသားစနစ်– ဂျီဩမေတြီဆိုင်ရာ သင်္ကေတများ

၁၄၃။ MMS ISO 1122–1:1998 + Cor 1:1999 + Cor 2:2009 ဂီယာအသုံးအနှုန်းဆိုင်ရာ ဝေါဟာရများ – အပိုင်း (၁) – ဂျီဩမေတြီဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁၄၄။ MMS ISO 1122–2:1999 ဂီယာအသုံးအနှုန်းဆိုင်ရာ ဝေါဟာရများ– အပိုင်း (၂) – worm ဂီယာအတွက် ဂျီဩမေတြီဆိုင်ရာအဓိပ္ပာယ်သတ်မှတ်ချက်များ

၁၄၅။ MMS ISO 21049:2004 ပန့်များ – centrifugal နှင့် rotary ပန့်များအတွက် Shaft sealing စနစ်များ

၁၄၆။ MMS ISO 21630:2007 ပန့်များ – စမ်းသပ်စစ်ဆေးခြင်း – ရေဆိုးများနှင့် အလားတူအရာများအတွက်အသုံးပြုသည့် ရေအောက်ရောနှောစက်များ

၁၄၇။ MMS 64 : 2026 ဒီဇယ်ဆီ (500 ppm, 50 ppm, 10 ppm) အရည်အသွေး စံသတ်မှတ်ချက်များ

၁၄၈။ MMS 65 : 2026 E10 Gasohol(RON 70) အရည်အသွေး စံသတ်မှတ်ချက်များ

၁၄၉။ MMS 66 : 2026 ဓာတ်ဆီ(RON 91) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၀။ MMS 67 : 2026 ဓာတ်ဆီ(RON 92) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၁။ MMS 68 : 2026 ဓာတ်ဆီ (RON 95) အရည်အသွေး စံသတ်မှတ်ချက်များ

**စာမျက်နှာ ၂၆ သို့ ●**

● စာမျက်နှာ ၂၅ မှအဆက်

၁၅၂။ MMS 69 : 2026 ဓာတ်ဆီ (RON 97) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၃။ MMS ISO 21625:2020 ဝါးနှင့် ဝါးထွက်ကုန်ပစ္စည်းများဆိုင်ရာ ဝေါဟာရများ

၁၅၄။ MMS ISO 21626–1:2020 ဝါးမီးသွေး – အပိုင်း (၁) – ယေဘုယျ အချက်များ

၁၅၅။ MMS ISO 21626–2:2020 ဝါးမီးသွေး – အပိုင်း(၂) –လောင်စာအဖြစ် အသုံးပြုခြင်း

၁၅၆။ MMS ISO 21626–3:2020 ဝါးမီးသွေး – အပိုင်း (၃) – သန့်စင်ခြင်းဆိုင်ရာ အသုံးပြုမှုများ

၁၅၇။ MMS ISO 21629–1:2021 ဝါးဖြင့်ပြုလုပ်ထားသော ကြမ်းခင်းပြားများ – အပိုင်း (၁) – အိမ်တွင်း၌ အသုံးပြုခြင်း

၁၅၈။ MMS ISO/IEC/IEEE 12207:2026 စနစ်နှင့်ဆော့ဖ်ဝဲ အင်ဂျင်နီယာ – ဆော့ဖ်ဝဲ ဘဝဖြစ်စဉ် လည်ပတ်မှု လုပ်ငန်းစဉ်များ

၁၅၉။ MMS ISO/IEC 20000–10:2018 သတင်းအချက်အလက်နည်းပညာ – ဝန်ဆောင်မှုစီမံခန့်ခွဲမှု – အပိုင်း (၁၀) –အယူအဆများနှင့် ဝေါဟာရများ

၁၆၀။ MMS ISO/IEC/IEEE 24748–1:2024 စနစ်နှင့်ဆော့ဖ်ဝဲ အင်ဂျင်နီယာ – ဘဝဖြစ်စဉ် လည်ပတ်မှုအား စီမံခန့်ခွဲခြင်း – အပိုင်း (၁) – ဘဝဖြစ်စဉ်လည်ပတ်မှုစီမံခန့်ခွဲရန် လမ်းညွှန်ချက်များ

၁၆၁။ MMS ISO/IEC/IEEE 24765:2017 စနစ်နှင့်ဆော့ဖ်ဝဲ အင်ဂျင်နီယာ – ဝေါဟာရများ

၁၆၂။ MMS ISO/IEC 25000:2014 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ – စနစ်နှင့်ဆော့ဖ်ဝဲ အရည်အသွေး လိုအပ်ချက်များနှင့် အကဲဖြတ်ခြင်း (SQuaRE) – SQuaRE အတွက် လမ်းညွှန်

၁၆၃။ MMS ISO/IEC 25010:2023 စနစ်နှင့်ဆော့ဖ်ဝဲအင်ဂျင်နီယာ – စနစ်နှင့်ဆော့ဖ်ဝဲ အရည်အသွေး လိုအပ်ချက်များနှင့် အကဲဖြတ်ခြင်း (SQuaRE) – ထုတ်ကုန်အရည်အသွေး မော်ဒယ်

၁၆၄။ MMS ISO/IEC/IEEE 27032:2023 ဆိုက်ဘာလုံခြုံရေး – အင်တာနက်လုံခြုံရေးအတွက် လမ်းညွှန်ချက်များ:

၁၆၅။ MMS ISO/IEC 27701:2025 သတင်းအချက်အလက် လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာ ကာကွယ်မှု – ကိုယ်ရေးကိုယ်တာအချက်အလက်စီမံခန့်ခွဲမှု စနစ်များ–လိုအပ်ချက်များနှင့် လမ်းညွှန်ချက်များ

၁၆၆။ MMS ISO/IEC 29110–4–3:2018 စနစ်နှင့်ဆော့ဖ်ဝဲ အင်ဂျင်နီယာ – အလွန်သေးငယ်သော အဖွဲ့အစည်းများ (Very Small Entities (VSEs)) အတွက် ဘဝဖြစ်စဉ် လည်ပတ်မှုပရိုဖိုင်များ – အပိုင်း (၄–၃) – ဝန်ဆောင်မှုပေးအပ်ခြင်း – ပရိုဖိုင်သတ်မှတ်ချက်

၁၆၇။ MMS ISO/IEC/IEEE 29119–1:2022 ဆော့ဖ်ဝဲနှင့်စနစ် အင်ဂျင်နီယာ – ဆော့ဖ်ဝဲစမ်းသပ် ခြင်း – အပိုင်း (၁) – အထွေထွေအယူအဆများ

၁၆၈။ MMS ISO/IEC/IEEE 90003:2018 ဆော့ဖ်ဝဲ အင်ဂျင်နီယာ – ကွန်ပျူတာဆော့ဖ်ဝဲတွင် ISO 9001:2015 ကို အသုံးချရန် လမ်းညွှန်ချက်များ

၁၆၉။ MMS ISO 12100:2010 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး – ဒီဇိုင်းဆွဲခြင်းအတွက် ယေဘုယျစည်းမျဉ်းများ – ဘေးအန္တရာယ်ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ဘေးအန္တရာယ်လျှော့ချခြင်း

၁၇၀။ MMS ISO/TR 22100–1:2021 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး – ISO 12100 နှင့် ဆက်စပ်မှု အပိုင်း (၁) – ISO 12100 သည် အမျိုးအစား–B နှင့် အမျိုးအစား–C စံချိန်စံညွှန်းများနှင့် မည်သို့ဆက်စပ်ပုံ

၁၇၁။ MMS ISO/TR 22100–2:2013 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး – ISO 12100 နှင့် ဆက်နွယ်ပုံ –အပိုင်း (၂) – ISO 12100 သည် ISO 13849–1 နှင့် မည်သို့ သက်ဆိုင်ပုံ

၁၇၂။ MMS ISO/TR 22100–3:2016 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး – ISO 12100 နှင့် ဆက်နွယ်ပုံ – အပိုင်း(၃) – ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းများတွင် လူသားချင်းစာနာမှုဆိုင်ရာ (Ergonomic) မှုများ ကျင့်သုံးအကောင်အထည်ဖော်ခြင်း

၁၇၃။ MMS ISO 32000–1:2008 စာရွက်စာတမ်းစီမံခန့်ခွဲမှု – သယ်ယူရလွယ်ကူသော စာရွက်စာတမ်းပုံစံ အပိုင်း (၁) – PDF 1.7

၁၇၄။ MMS ISO/IEC TR 24368:2022 သတင်းအချက်အလက်နည်းပညာ –ဉာဏ်ရည်တု နည်းပညာ – ကျင့်ဝတ်ဆိုင်ရာနှင့် လူမှုအသိုင်းအဝိုင်းဆိုင်ရာ စိုးရိမ်မှုများ၏ ခြုံငုံ သုံးသပ်ချက်

၁၇၅။ MMS ISO/IEC TR 63306–1:2020 စမတ်ကျသော ကုန်ထုတ်လုပ်မှု စံချိန်စံညွှန်းမြေပုံ (SM2) – အပိုင်း(၁) –မူဘောင်

၁၇၆။ MMS IEC TR 63319:2025 စမတ်ကုန်ထုတ်လုပ်မှုဆိုင်ရာ ရည်ညွှန်းပုံစံများကို မီတာ–မော်ဒယ်လ်အသုံးပြု၍ ဆန်းစစ်လေ့လာသည့်နည်းလမ်း

၁၇၇။ MMS ISO 8000–1:2022 ဒေတာအရည်အသွေး – အပိုင်း (၁)– ခြုံငုံသုံးသပ်ချက်

၁၇၈။ MMS ISO 10303–1:2024 စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များနှင့် ပေါင်းစပ်ခြင်း – ထုတ်ကုန်အချက်အလက်ဖော်ပြခြင်းနှင့် ဖလှယ်ခြင်း – အပိုင်း (၁) – ခြုံငုံသုံးသပ်ချက်နှင့် အခြေခံသဘောတရားများ

၁၇၉။ MMS ISO 15926–10:2019 စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များနှင့် ပေါင်းစည်းခြင်း – ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး စက်ရုံများအပါအဝင် စက်မှုလုပ်ငန်းသုံး စက်ရုံများအတွက် သက်တမ်းလည်ပတ်မှု ဒေတာပေါင်းစည်းခြင်း – အပိုင်း (၁၀) – လိုက်လျောညီထွေမှုစမ်းသပ်ခြင်း

၁၈၀။ MMS ISO 22745–1:2010 စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များနှင့် ပေါင်းစပ်ခြင်း – ပွင့်လင်းသော နည်းပညာဆိုင်ရာ အဘိဓာန်များနှင့် ၎င်းတို့ကို အခြေခံဒေတာ (Master Data)တွင် အသုံးပြုခြင်း – အပိုင်း(၁) – ခြုံငုံသုံးသပ်ချက်နှင့် အခြေခံသဘောတရားများ

၁၈၁။ MMS ISO 20492–2: 2008 အဆောက်အဦများတွင် အသုံးပြုသော မှန်–လျှပ်ကာမှန် – အပိုင်း(၂) – ဓာတုအငွေ့များကြောင့် ဖန်မျက်နှာပြင်မှုန်ဝါးမှုအား စမ်းသပ်ခြင်း

၁၈၂။ MMS ISO 21690: 2021 အဆောက်အဦများတွင် အသုံးပြုသောမှန်– ဖန်တုံးများ – အတိုင်းအတာသတ်မှတ်ချက်များနှင့် စမ်းသပ်ခြင်းနည်းလမ်းများ

၁၈၃။ MMS ISO 59004:2024 စက်ဝိုင်းစီးပွားရေးစနစ် – အကောင်အထည်ဖော်ရန်အတွက် ဝေါဟာရများ၊ အခြေခံမူများနှင့် လမ်းညွှန်ချက်များ

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇–၃၄၀၄၉၁၁၊ ၀၆၇–၃၄၀၄၉၂၂၊ ၀၆၇–၃၄၀၄၉၃၃၊ ၀၆၇–၃၄၀၄၉၄၄၊ ၀၆၇–၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇–၄၁၅၀၄၈၈၊ ၀၆၇–၄၁၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉–၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉–၃၄၉၀၁၅၈၄၇၊ ၀၉–၆၆၈၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈–၂၀၂၃၅၃၀၊ ၀၅၈–၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀–၂၀၂၂၃၆၈၊ ၀၇၀–၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁–၂၀၃၂၀၉၁၊ ၀၇၁–၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၄၀၁၆၆၅၂၅

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉–၂၀၂၄၀၃၇၊ ၀၅၉–၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂–၂၂၀၁၉၃၉၊ ၀၅၂–၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃–၂၀၂၈၈၇၈၊ ၀၆၃–၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂–၄၀၂၁၂၄၅၊ ၀၂–၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇–၂၀၂၇၉၃၅၊ ၀၅၇–၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉–၂၅၅၀၀၂၅၁၇၊ ၀၉–၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁–၈၃၀၀၀၁၆၊ ၀၁–၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁–၂၁၂၄၅၄၀၊ ၀၈၁–၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂–၂၀၂၅၉၉၃၊ ၀၄၂–၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS
Certification
Excluding design
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com




ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
WHITE SUGAR
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်




ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြို့ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
DOUBLE ELEPHANT
PORTLAND CEMENT
PRODUCT OF MYANMAR
OPC-EN 197-1:2000
CEM-I 42.5N
BLUE DIAMOND
CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
SINCE 1986
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၁ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀




ISO 9001:2008 Cert. No.683099
ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER
99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်း – ဖုန်း – ၀၉ ၄၄၃၃၆၃၃၉၉ ၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇

# ပရီးမီးယားလိဂ်ပြိုင်ပွဲ စပိန်လာလီဂါပြိုင်ပွဲနှင့် အီတလီစီးရီးအေပြိုင်ပွဲများ ပွဲကြိုသုံးသပ်ချက်



## မန်ယူ Vs အစ်ဝှစ်ချ်

**ကစားမည့် ရက် / အချိန်**

(၃၀-၈-၂၀၂၆ ရက် ည ၁၀:၀၀နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

မန်ယူ ၃ - ၂ အစ်ဝှစ်ချ်

အစ်ဝှစ်ချ် ၁ - ၁ မန်ယူ

မန်ယူ ၃ - ၀ အစ်ဝှစ်ချ်

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| မန်ယူ | အိမ်(သရေ) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| အစ်ဝှစ်ချ် | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

**ခန့်မှန်းရလဒ်**

**မန်ယူ ၃ - ၁ အစ်ဝှစ်ချ်**

အဖွင့်ပွဲစဉ်မှာ တန်းတက်ဟူးလ်စီးတီးအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ မန်ယူအသင်းအတွက် အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲစတင်ရရှိဖို့ လိုအပ်နေပါတယ်။ မန်ယူအသင်းက အစ်ဝှစ်ချ်အသင်းနဲ့ တွေ့ဆုံတိုင်း တစ်ကြိမ်မှမရှုံးနိမ့်ခဲ့တဲ့အထိ မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ထားလို့ အခုပွဲစဉ်မှာလည်း တန်းတက်အသင်းတစ်သင်းဖြစ်တဲ့ အစ်ဝှစ်ချ်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ မန်ယူအသင်းနည်းပြ ကာရစ်အတွက်လည်း ပြီးခဲ့တဲ့ ဟူးလ်စီးတီးအသင်းနဲ့ပွဲစဉ်က အသာစီးရယူကစားနိုင်ခဲ့တယ်ဆိုပေမယ့် သွင်းဂိုးရရှိဖို့ ခက်ခဲခဲ့ပါတယ်။ ဒါကြောင့် အသင်းရဲ့တိုက်စစ်ပိုင်းပြဿနာကို အကောင်းဆုံးပြင်ဆင်လာပါလိမ့်မယ်။ လက်ရှိမန်ယူအသင်းရဲ့ ကစားသမားစုဖွဲ့မှုနဲ့ အိမ်ကွင်းမှာ အစ်ဝှစ်ချ်အသင်းကို အနိုင်ရယူဖို့အတွက် ခက်ခဲမှာမဟုတ်ပါဘူး။ မန်ယူအသင်းက အစ်ဝှစ်ချ်အသင်းကို အိမ်ကွင်းမှာလက်ခံကစားတိုင်း သွင်းဂိုးများလေ့ရှိတာကိုလည်း သတိပြုရမှာပါ။

တန်းတက်အစ်ဝှစ်ချ်အသင်းကတော့ ရာသီအစပိုင်းမှာ ပုံစံကောင်းတွေပြသနေပြီး အဖွင့်ပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ခဲ့သလို ပြီးခဲ့တဲ့ကာရာဘောင်းဖလားပွဲစဉ်ဖြစ်တဲ့ လက်စတာအသင်းနဲ့ပွဲစဉ်မှာလည်း ဂိုးပြတ်အနိုင်ရရှိခဲ့ပါတယ်။ အစ်ဝှစ်ချ်အသင်းအတွက် လက်ရှိမှာ ပုံစံကောင်းပြသနိုင်ခဲ့တယ်ဆိုပေမယ့် မန်ယူအသင်းနဲ့တွေ့ဆုံတဲ့ပွဲစဉ်တိုင်း ရုန်းကန်ရလေ့ရှိပြီး တစ်ကြိမ်မှ နိုင်ပွဲမရရှိခဲ့တဲ့အထိ တွေ့ဆုံမှုအပိုင်းမှာရုန်းကန်နေရတာကို တွေ့ရမှာပါ။ အစ်ဝှစ်ချ်အသင်းအနေနဲ့ မန်ယူအသင်းကို ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့ဆိုရင် လိုအပ်ချက်တွေရှိနေမှာပါ။ အစ်ဝှစ်ချ်အသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေ ဆက်တိုက်ကောင်းမွန်နေတယ်ဆိုပေမယ့် အသင်းခံစစ်ပိုင်းကတော့ စိတ်ချလို့မရဘဲ ပွဲစဉ်တိုင်း နီးပါးဂိုးပေးနေရတာကို တွေ့ရမှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် သုံးကြိမ်တွေ့ဆုံရာမှာ မန်ယူအသင်းက နှစ်ကြိမ်အနိုင်ရရှိပြီး တစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ မန်ယူအသင်းက အသာစီးမှာရှိနေပါတယ်။ ဒါကြောင့် ကစားသမားစုဖွဲ့မှုပိုင်း၊ တွေ့ဆုံမှုပိုင်းမှာ အသာစီးမှာရှိနေပြီး နိုင်ပွဲလိုအပ်နေတဲ့ မန်ယူအသင်းပဲ အိမ်ကွင်းမှာ နိုင်ပွဲရမှာပါ။

## ရီးယဲလ်မက်ဒရစ် Vs မာလာဂါ

**ကစားမည့် ရက် / အချိန်**

(၃၀-၈-၂၀၂၆ ရက် ည ၉:၃၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

မာလာဂါ ၁ - ၂ ရီးယဲလ်မက်ဒရစ်

ရီးယဲလ်မက်ဒရစ် ၃ - ၂ မာလာဂါ

မာလာဂါ ၀ - ၂ ရီးယဲလ်မက်ဒရစ်

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ရီးယဲလ်မက်ဒရစ် | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| မာလာဂါ | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(သရေ) |

**ခန့်မှန်းရလဒ်**

**ရီးယဲလ်မက်ဒရစ် ၃ - ၀ မာလာဂါ**

ရာသီအစနှစ်ပွဲဆက် နိုင်ပွဲရယူထားနိုင်ခဲ့တဲ့ ရီးယဲလ်မက်ဒရစ်အသင်းအတွက် အခုအိမ်ကွင်းပွဲစဉ်မှာလည်း အနိုင်သုံးမှတ်အတွက် အမှားခံမှာမဟုတ်ပါဘူး။ အမ်ဘတ်ပီနဲ့ ဗင်နီစီးယက်စ်တို့ဦးဆောင်နေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ပိုင်းက ဂိုးသွင်းအားကောင်းမွန်နေသလို ဘယ်လင်ဟမ်ဦးဆောင်နေတဲ့ အသင်းကွင်းလယ်ပိုင်းကလည်း တိုက်စစ်အထိ လိုက်ပါပြီး ဂိုးသွင်းအားရှိနေလို့ မာလာဂါအသင်းခံစစ်ပိုင်းကို ဖိအားပေးကစားနိုင်မှာပါ။ လက်ရှိ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ ခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းအရလည်း မာလာဂါအသင်းက ပြိုင်ဘက်ကောင်းအသင်းမဟုတ်လို့ အသာစီးရယူနိုင်ဖို့ခက်ခဲမှာ မဟုတ်ပါဘူး။ ရီးယဲလ်မက်ဒရစ်အသင်းက မာလာဂါအသင်းကို အိမ်ကွင်းမှာလက်ခံကစားတိုင်း တစ်ကြိမ်မှ ရှုံးနိမ့်ထားခြင်းမရှိဘဲ အမြဲအသာစီးရရှိခဲ့တာကို တွေ့ရမှာပါ။

တန်းတက်မာလာဂါအသင်းကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပြီး နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးနေသလို အခုပွဲစဉ်မှာလည်း ပြိုင်ဘက်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းဖြစ်လို့ မာလာဂါအသင်းအတွက် သရေရလဒ်တောင်မျှော်လင့်ဖို့မဖြစ်နိုင်ဘဲ ဂိုးပြတ်မရှုံးရအောင်သာ ဦးတည်ကြိုးပမ်းရမှာပါ။ မာလာဂါအသင်းအတွက် ရီးယဲလ်မက်ဒရစ်အသင်းနဲ့တွေ့ဆုံတိုင်း ၂၀၁၂ ခုနှစ်က ၃ ဂိုး -၂ ဂိုးရလဒ်နဲ့ တစ်ကြိမ်သာအနိုင်ရရှိခဲ့ပြီး ကျန်တဲ့ပွဲစဉ်တွေမှာတော့ အမြင့်ဆုံးသရေရလဒ်သာရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ မာလာဂါအသင်းရဲ့ ပြီးခဲ့တဲ့နှစ်ပွဲက စွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် အက်သလက်တီကိုအသင်းကို ၂ ဂိုး – ဂိုးမရှိနဲ့ရှုံးနိမ့်ခဲ့သလို ပြီးခဲ့တဲ့ ဒီပို့တီဗိုအသင်းနဲ့ပွဲစဉ်မှာလည်း တစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့လို့ အသင်းတိုက်စစ်ပိုင်းက သွင်းဂိုးတွေအတွက် ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ ကစားသမားစုဖွဲ့မှုပိုင်း၊ ခြေစွမ်းပိုင်းတို့မှာလည်း မာလာဂါအသင်းအတွက် ရီးယဲလ်မက်ဒရစ်အသင်းကို ပွဲချိန်ပြည့်ရင်ဆိုင်နိုင်ဖို့အတွက် ခက်ခဲနေမှာအမှန်ပါပဲ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် ရီးယဲလ်မက်ဒရစ်အသင်းက ၁၄ ကြိမ်အနိုင်ရရှိပြီး မာလာဂါအသင်းကတော့ တစ်ကြိမ်သာအနိုင်ရရှိခဲ့ကာ သုံးကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ ရီးယဲလ်မက်ဒရစ်အသင်းက အသာစီးမှာရှိနေပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်၊ ကစားသမားစုဖွဲ့မှု၊ ထိပ်တိုက်တွေ့ဆုံမှု၊ လက်ရှိခြေစွမ်းပိုင်း အဘက်ဘက်က အသာစီးမှာရှိနေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ အနိုင်ရလဒ်က သေချာနေပါတယ်။




## နာပိုလီ Vs ကိုမို

**ကစားမည့် ရက် / အချိန်**

(၃၀-၈-၂၀၂၆ ရက် ည ၁၁:၀၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

ကိုမို ၀ - ၀ နာပိုလီ

နာပိုလီ ၁ - ၁ ကိုမို

နာပိုလီ ၀ - ၀ ကိုမို

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| နာပိုလီ | အိမ်(သရေ) | အိမ်(နိုင်) | ဝေး(နိုင်) |
| ကိုမို | ဝေး(သရေ) | ဝေး(ရှုံး) | ဝေး(သရေ) |

**ခန့်မှန်းရလဒ်**

**နာပိုလီ ၂ - ၁ ကိုမို**

အဖွင့်ပွဲစဉ်ကို နိုင်ပွဲနဲ့စတင်နိုင်ခဲ့တဲ့ နာပိုလီအသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုအပြည့်ရှိနေလို့ အိမ်ကွင်းမှာ ကိုမိုအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ နာပိုလီအသင်းက ကိုမိုအသင်းနဲ့တွေ့ဆုံခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ တစ်ပွဲမှမရှုံးနိမ့်အောင် စွမ်းဆောင်ထားနိုင်ခဲ့တဲ့အထိ အိမ်ကွင်းဆိုရင် ကိုမိုအသင်းကို ဖိအားပေးကစားနိုင်စွမ်းရှိနေပါတယ်။ နာပိုလီအသင်းတိုက်စစ်ပိုင်းမှာ ဟွိုက်လန်းနဲ့ ပိုလီတာနိုတို့လို ကစားသမားတွေရှိနေလို့ လိုအပ်ချက်တွေရှိနေတဲ့ ကိုမိုအသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဒ့ါပြင် တွမ်မီနေးလ်ဦးဆောင်နေတဲ့ နာပိုလီအသင်းကွင်းလယ်ပိုင်းကလည်း တိုက်စစ်ပိုင်းအထိ အကောင်းဆုံးလိုက်ပါကစားနိုင်စွမ်းရှိနေလို့ ကိုမိုအသင်းအတွက် အခက်တွေ့လာမှာ အမှန်ပါပဲ။ နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်ကိုကြည့်မယ်ဆိုရင် လေးပွဲအနိုင်ရရှိခဲ့ပြီး တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တဲ့အထိ တည်ငြိမ်မှုအပြည့်ရှိနေတာကို တွေ့ရမှာပါ။

နည်းပြ ဖာဘရီဂတ်စ်ရဲ့ ကိုမိုအသင်းကတော့ ပြီးခဲ့တဲ့ရာသီက အံ့အားသင့်ဖွယ်စွမ်းဆောင်ရည်ကောင်းတွေပြသနိုင်ခဲ့တယ်ဆိုပေမယ့် ဒီရာသီမစတင်မီ ခြေစမ်းပွဲစဉ်တွေကတည်းက ရုန်းကန်နေရပြီး ရလဒ်တွေဆက်တိုက်ဆိုးရွားနေတာကို တွေ့ရမှာပါ။ ကိုမိုအသင်းက ပြီးခဲ့တဲ့အဖွင့်ပွဲစဉ်အဖြစ်ကစားခဲ့တဲ့ အူဒီးနီစ်အသင်းနဲ့ပွဲစဉ်မှာလည်း ရုန်းကန်ခဲ့ရပြီး နိုင်ပွဲပျောက်ဆုံးခဲ့တာကို တွေ့ရမှာပါ။ ကိုမိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်ကို ကြည့်မယ်ဆိုရင် လေးပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပြီး တစ်ပွဲရှုံးရလဒ်နဲ့ နိုင်ပွဲတစ်ပွဲမှမရရှိခဲ့တဲ့အထိ ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ ဒ့ါပြင် ကိုမိုအသင်း ခံစစ်ပိုင်းကလည်း အမှားအယွင်းတွေများနေလို့ ဟွိုက်လန်းဦးဆောင်လာမယ့် နာပိုလီအသင်း တိုက်စစ်ပိုင်းကို ထိန်းချုပ်ရခက်ခဲမှာပါ။ ကိုမိုအသင်းအတွက် ကစားသမားခေါ်ယူမှုအပိုင်းမှာလည်း ထူးထူးခြားခြားကစားသမားခေါ်ယူထားတာမရှိလို့ ပြီးခဲ့တဲ့ရာသီက ကစားသမားအင်အားစုအတိုင်း ကစားရမှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင်တော့ ဘယ်အသင်းကမှ ထူးထူးခြားခြားအသာစီးရရှိထားခြင်းမရှိသေးဘဲ နှစ်သင်းစလုံးတစ်ကြိမ်စီအပြန်အလှန်အနိုင်ရရှိပြီး သုံးကြိမ်သရေရလဒ်ထွက်ပေါ်ထားတာကို တွေ့ရမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းကောင်းမွန်နေပြီး အိမ်ရှင်အားသာချက်နဲ့ကစားလာမယ့် နာပိုလီအသင်းပဲ နိုင်ပွဲဆက်သွားပါလိမ့်မယ်။

**စည်သူအောင်**

## နောက်ကျသွင်းဂိုးများနဲ့ အိမ်ကွင်းမှာနိုင်ပွဲရခဲ့တဲ့ ရောဝတီယူနိုက်တက်



ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာလိဂ်ကကြီးမှူးကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ M League ပထမအကျော့ပွဲစဉ်(၁)၏ ဒုတိယနေ့ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ရောဝတီအသင်းနှင့် ISPE အသင်းတို့ ယနေ့ညနေပိုင်းတွင် ပုသိမ်မြို့ ကျောက်တိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရောဝတီအသင်းက နောက်ကျဂိုးများသွင်း၍ ISPE အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းပွဲစသည်နှင့် နှစ်ဖက်အသင်းကစားသမားများ လျင်လျင်မြန်မြန်ဖြင့် ဘောလုံးအပေးအယူလုပ်ကာ ယှဉ်ပြိုင်ကစားလာကြသည်၊သူတစ်ပြန်ကိုယ်တစ်ပြန် အပြန်အလှန်တိုက်စစ်ဆင်ရင်း ပွဲကစားချိန် ၁၁ မိနစ်တွင် ISPE အသင်းခေါင်းဆောင် ခိုင်ရဲဝင်းက ပြစ်ဒဏ်ဘောကနေ တိုက်ရိုက်ကန်သွင်းပြီး ဦးဆောင်ဂိုးရယူခဲ့သည်။ ရောဝတီအသင်းချေပဂိုးရရှိရေး ဘောလုံးပိုင်ဆိုင်မှုယူကာ ပြန်လည်ထိန်းချုပ်ကစားခဲ့ရာ ပွဲကစားချိန် ၁၃ မိနစ်တွင် တန်ပြန်တိုက်စစ်ကနေ ချေပဂိုးရနိုင်သည့်အခွင့်အရေးရခဲ့သော်လည်း ISPE ဂိုးသမား ပိုင်ဇင်ကာကွယ်နိုင်ခဲ့၍ ချေပဂိုးနှင့်လွဲခဲ့ရသည်။ ပွဲကစားချိန် မိနစ် ၂၀ နောက်ပိုင်း ရောဝတီအသင်းတိုက်စစ်မြှင့်ကစားလာရာ ပွဲကစားချိန် ၂၇ မိနစ်တွင် ဂိုးဧရိယာပြင်ပကနေ လူမင်းချစ်ကန်သွင်းပြီး ချေပဂိုးပြန်လည်ရယူခဲ့သည်။ သူတစ်ပြန်ကိုယ်တစ်ပြန်ယှဉ်ပြိုင်ကစားရင်းပွဲကစားချိန် မိနစ် ၃၀ တွင် ISPE ဂိုးသမား ပိုင်ဇင်ရှေ့ရောက်နေမှုကို အခွင့်အရေးရယူပြီး မောင်တော့က ရောဝတီအသင်းအတွက် ဒုတိယဂိုးကိုသွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် ရောဝတီအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် နှစ်ဖက်အသင်းကစားသမားများအပြောင်းအလဲပြုလုပ်ယှဉ်ပြိုင်လာကြသည်၊ ISPE အသင်း ဘောလုံးပိုင်ဆိုင်မှုအသာစီးယူကာ အပေးအယူအချိတ်အဆက်မိမိဖြင့် ပြိုင်ဘက်ဂိုးဧရိယာအတွင်း အကြိမ်ကြိမ်ထိုးဖောက်ကစားနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းမှုများနှင့် ရောဝတီအသင်း နောက်တန်းခံစစ်တို့၏ ဟန့်တားဖျက်ထုတ်နိုင်စွမ်းတို့ကြောင့် ချေပဂိုးမရဘဲ အိမ်ရှင်ရောဝတီယူနိုက်တက်အသင်းက ပထမပိုင်းရလဒ်၂ဂိုး ၁ဂိုးဖြင့်ပင် နိုင်ပွဲရရှိခဲ့သည်။

ထို့အတူ ပွဲစဉ်(၁)၏ ဒုတိယနေ့ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းတွင် သန်လျင်မြို့ သီဟဒီပကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဒဂုံစတားယူနိုက်တက်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဝန်းရံခ

## ဖလမ်းမြို့ ပြည်သူ့ဆေးရုံအပျက်အစီးများ ရှင်းလင်းဖယ်ရှားမှု တပ်မတော်သားများနှင့် ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်



ဖလမ်း ဩဂုတ် ၂၉

အကြမ်းဖက်ဖြစ်စဉ်များကြောင့်ဖလမ်းမြို့ ပြည်သူ့ဆေးရုံရှိ နှစ်ထပ်လူနာဆောင်၊ ဖျားနာဆောင်၊ ခတ်မှန်၊ ခတ်ခွဲခန်း၊ Oxygen Plant၊ ခွဲစိတ်ဆောင်(အဟောင်း)၊ သားဖွားမီးယပ်ဆောင်(အဟောင်း)၊ အရိုးကုသဆောင်(အဟောင်း)နှင့် ဆေးစတိုခန်းများ အလုံးစုံပျက်စီးခဲ့ပြီး အပျက်အစီးများကို နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် ဒေသခံပြည်သူများက လူအား၊ စက်အားဖြင့် ရှင်းလင်းဖယ်ရှားဆောင်ရွက်ခဲ့သည်။

ထိုသို့ အပျက်အစီးများရှင်းလင်းဖယ်ရှားနေမှုကို ယနေ့တွင်နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌတို့နှင့် အတူ ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ထာဝရဘုရားထံ ဖလမ်းမြို့ ပြန်လည်ဆက်ကပ်အပ်နှံခြင်းဆုတောင်းပွဲ အခမ်းအနားကို ဖလမ်းနှစ်ခြင်းအသင်းတော်၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားပြီး ဆုတောင်းပွဲ ညစာစားပွဲအတွက် ဆန်ငါးအိတ်နှင့် ဆီ ၁၀ ပိဿာပေးအပ်လှူဒါန်းသည်။

အလားတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တီးတိန်မြို့သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ စုစုပေါင်းအင်အား ၂၅၀ ဦးဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ထို့အတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ခေါဝုန်လေးဆန်ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြဝတီ

## ဝိုင်းမော်မြို့နယ်တွင် ငွေကျပ် ၃၀၃၇ သိန်းတန်ဖိုး၊ အမရပူရမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၉၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



တရားခံ ဂွန်းဆန့်အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂၉

ဝိုင်းမော်မြို့နယ်တွင်ငွေကျပ်၃၀၃၇ သိန်းတန်ဖိုး၊ အမရပူရမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၉၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၂၇ ရက် ည ၇ နာရီခွဲတွင်သတင်းအရ ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာအနီးတွင် မြစ်ကြီးနားမြို့၊ ဂျန်မိုင်ကောင်းရပ်ကွက်နေ ဂွန်းဆန့်(၃၅)နှစ် မောင်းနှင်လာသော မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၅ ဒသမ ၈၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၂၂၀ နှုန်းဖြင့်ငွေဒေသတန်ဖိုးငွေကျပ် ၁၂၈၇ သိန်း)နှင့် စိတ်ပြောင်းဆေးဝါး HAPPY WATER ၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၇၀၀ နှုန်းဖြင့် ငွေဒေသတန်ဖိုးငွေကျပ်သိန်း ၁၇၅၀) ဖမ်းဆီးရမိသဖြင့် ဂွန်းဆန့်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူဩဂုတ်လ၂၆ရက်ညနေ၄နာရီခွဲတွင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်သတင်းအရ အမရပူရမြို့နယ်၊ ကျင်တန်းရပ်ကွက်နေ ကျော်စိုး (၆၄)နှစ်နှင့် မသန္တာဦး(၅၅)နှစ်တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့်ငွေဒေသတန်ဖိုးငွေကျပ် သိန်း ၄၀၀) ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရယင်းနေ့ည၆နာရီတွင်စိတ်ကြွဆေးပြားများလာရောက်ပို့ဆောင်သူ စဉ့်ကိုင်မြို့နယ်၊ မြောက်ကိုင်းရွာနေ မနွယ်နွယ်ထွန်း(ခ) နွယ်နီ (၃၅)နှစ်အား အဆိုပါရပ်ကွက်၌ စိတ်ကြွဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့်ငွေဒေသတန်ဖိုး ငွေကျပ်သိန်း ၈၀)၊ CANDA ဆိုင်ကယ် ၁ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကာ ည ၈ နာရီခွဲတွင် ၎င်းနေထိုင်သည့် စဉ့်ကိုင်မြို့နယ်၊ မြောက်ကိုင်းရွာရှိနေအိမ်မှစိတ်ကြွဆေးပြား ၂၂၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ငွေဒေသတန်ဖိုးငွေကျပ်သိန်း ၄၄၀) အား ထပ်မံသိမ်းဆည်းရမိသဖြင့် ကျော်စိုး၊ မသန္တာဦးနှင့် မနွယ်နွယ်ထွန်း(ခ)နွယ်နီတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မြဝတီ

## MFF ယူ - ၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် PACIFIC SUN FAR အသင်းရှုံးပွဲမရှိစံချိန်ဖြင့် ထိပ်ဆုံးမှဆက်လက်ဦးဆောင်

ရန်ကုန် ဩဂုတ် ၂၉

အားကစားရေးရာဝန်ကြီးဌာနနှင့်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီမှ ကျင်းပသည့် MFF ယူ – ၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)ပြိုင်ပွဲများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ MFF Futsal Stadium ၌ကျင်းပရာ PACIFIC SUN FAR အသင်းက ရှုံးပွဲမရှိစံချိန်ဖြင့် ထိပ်ဆုံးမှဆက်လက်ဦးဆောင်လျက်ရှိသည်။

ယနေ့ယှဉ်ပြိုင်မှုတွင် ပွဲစဉ်ခြောက်ပွဲပါဝင်ပြီး နံနက်ပိုင်းပြိုင်ပွဲ အဆင့်(၇)နေရာမှ GOLD DREAM အသင်းနှင့် အဆင့်(၁၂)နေရာမှ BURMESE WARRIORS အသင်းတို့ပွဲတွင် GOLD DREAM အသင်းက ၉ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ အဆင့်(၁၀)နေရာမှ SHWE PYI THAR အသင်းနှင့် အဆင့်(၈)နေရာမှ UNITED CITY အသင်းတို့ပွဲတွင် UNITED CITY အသင်းက ၄ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ အဆင့်(၉) နေရာမှ ROYAL NOKA အသင်းနှင့် အဆင့်(၁၁)နေရာမှ MINGALARDON CITY အသင်းတို့ပွဲတွင် ROYAL NOKA အသင်းက ၉ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ထို့အတူ နေ့လယ်ပိုင်းတွင် ယှဉ်ပြိုင်ကစားသည့် အဆင့်(၆)နေရာမှ JV အသင်းနှင့် အဆင့်(၃)နေရာမှ YRG အသင်းတို့ပွဲတွင် YRG အသင်းက ၂ ဂိုး၊ ၁ ဂိုးဖြင့်လည်းကောင်း၊ အဆင့်(၁)နေရာမှ PACIFIC SUN FAR အသင်းနှင့် အဆင့်(၅)နေရာမှ ULAD အသင်းတို့ပွဲတွင် PACIFIC SUN FAR အသင်းက ၄ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ အဆင့်(၂) နေရာမှ MIU အသင်းနှင့် အဆင့်(၄)နေရာမှ YCDC DREAM TEAM အသင်းတို့ပွဲတွင် MIU အသင်းက ၆ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြကြောင်း သိရသည်။ ဝန်းရံခ

➢ **ကျောဖုံးမှအဆက်**

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး အနောက် – အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း – အနောက်ဘင်္ဂလားပြည်နယ်တို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

"မေမေက ဒီလိုမပြောပါနဲ့ မေမေရယ်၊ ဘယ့်နှယ်ကြောင့် သေတာကောင်းရမလဲ"

"ဟဲ့ . . . နင် သူ့အကြောင်း သိပြီမဟုတ်လား၊ ဒီလို တစ်မျိုးလုံး၊ တစ်ဆွေလုံး အရှက်ခွဲပြီးမှ ဘယ်မှာနေဖို့ကောင်းနိုင်တော့မတုံး သူ့ ဘယ်သူက အရေးလုပ်ဦးမှာတုံး"

"သူများအရေးမလုပ်ပေမယ့် ကျွန်တော်က အရေးလုပ်မှာပေါ့၊ ကျွန်တော် ဂရုစိုက်မှာပေါ့" ဟုပြော၍ ဝတ်လုံတော်ရကတော်က ပြုံးလေလျှင် မောင်သက်တင်ကထပ်၍-

"ကျွန်တော် ဂရုစိုက်မယ်၊ စောင့်ရှောက်မယ်၊ ပြုစုမယ် ဘာဖြစ်သလဲ၊ မမလောက်များ ကျွန်တော် ဘယ်သူ့မှ မချစ်ဖူးဘူး"ဟု ပြောလျှင်-

"ဒီလိုဖြစ်ပြီးမှတောင် နင်က သူ့ကိုချစ်သေးတယ်"

"ဘာဖြစ်လို့ မချစ်ရမှာလဲ၊ မမက သူ့ဘာသာသူနေတာ ဟိုအကောင်က ဘာဖြစ်လို့သွားပြီး ရှုပ်ရသလဲ၊ ကျွန်တော့်အရွယ်က နည်းနည်းငယ်နေလို့ ကြီးများကြီးရင်လား ဒီအကောင်မျက်နှာ သေသေချာချာကြည့်ပြီး တစ်ခုခုလုပ်ချင်နေတာ၊ အခုတော့ နေနှင့်ဦး ဒီအကောင်တော့"

"နင် ဘာသိလို့တုံး"

"ဘာလို့မသိရသလဲ၊ ကျွန်တော် သိပါတယ်၊ ပြစမ်းပါ မေမေ သတင်းစာ" ဟု မိခင်ထံမှ ရန်ကုန်ဂေဇက်ကိုယူ၍ မတတ်တတတ်နှင့် ဖတ်လေ၏။ သတင်းစာတွင်ပါရှိသည်မှာ-

"ပင်စင်အငြိမ်းစားစစ်ကဲကြီး ဦးထင်ကျော်၏သမီး ခင်စိန်ကြည်သည် အိပ်ရာထဲတွင် မီးလောင်ခံရသဖြင့် ရန်ကုန်ဆေးရုံ၌ ဒီဇင်ဘာလ ၅ ရက်တွင် အနိစ္စရောက်ကြောင်း" မောင်သက်တင်လည်း ဤအကြောင်းကို ဖတ်မိလျှင် "မေမေ ဖေဖေ့ဆီစာရေးလိုက်မှပေါ့၊ ဖေဖေက သတင်းစာဖတ်ကြည့်ဖြစ်မှ ကြည့်ဖြစ်မယ်"

"အေးကွယ် အရင်မလိုပါဘူး၊ အခုမှတော့ ဘာထူးသေးသလဲ"

"မေမေကဖြင့် ဒီလိုချည်းပဲ၊ အင်မတန် သနားအကြင်နာနည်းတယ်"

"ဘာလဲ ကောင်ကလေးက နင့်အလုပ်လား၊ သွားစာဖတ်ချေ"

မန္တလေးမြို့၌ မောင်ထွန်းမြတ်လည်း ရုံးသို့မသွားမီ အလုပ်ခန်းသို့ဝင်၍ အမှုတွဲများကိုပြင်ဆင်နေစဉ် စာရေးကြီးဦးသာဒွန်းသည် မောင်ထွန်းမြတ်အခန်းသို့ဝင်လာ၍ "သတင်းထူးတစ်ခုကြားပြီးပြီလား"ဟု မေးရာ-

"ဘာသတင်းလဲ"

"ရန်ကုန်ဂေဇက်ဖတ်ပြီးပြီ မဟုတ်လား"

"မဖတ်သေးပါဘူးဗျာ၊ ဘာများပါလို့လဲ"

"ကိုထွန်းမြတ် ဝမ်းနည်းစရာတစ်ခုပါလို့"

"ဟုတ်လား ဘာအကြောင်းလဲ" ဟု မေးလျှင်-

ဦးသာဒွန်းသည် ရန်ကုန်ဂေဇက်တွင်ပါလာသော သတင်းကိုဖွင့်ပြလေ၏။ မောင်ထွန်းမြတ်သည် သတင်းကိုဖတ်ပြီးသောအခါ တုန်တုန်ယင်ယင်အသံဖြင့်-

"ဦးသာဒွန်းရယ် ကျွန်တော့်လောက် ကံဆိုးတဲ့လူရှိမယ်မထင်ပါဘူးဗျာ၊ သူ့ခမျာမှာလည်း ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသလိုဖြစ်နေတာပဲ၊ ကျွန်တော့်အသည်းတွေတော့ ကျွမ်းကြွေကုန်ပါပြီဗျာ"ဟု ပြောပြီး စူးစိုက်ငေးနေရာ ဦးသာဒွန်းလည်း အလိုက်သိစွာ သနားကြင်နာလှသဖြင့် မကြည့်ရက်နိုင်ဘဲ အခန်းပြင်သို့ ထွက်ခဲ့လေသည်။ မောင်ထွန်းမြတ်လည်း မိမိသည် ခင်စိန်ကြည်ကို မည်မျှယုယခဲ့ပုံ၊ ခင်စိန်ကြည်ကလည်း ခဏခဏပင် ရှင်နဲ့ခွဲပြီးတော့ ခဏလေးတောင်မှမနေချင်ဘူး။ ကျွန်မဖြင့် ရှင်နဲ့သာအတူလိုက်ပြီး ရှင့်စာရေးမလေးသာ လုပ်ချင်တော့တာပဲဟု ကန္ဒဲ့ကလျမျက်နှာညှိုးငယ်စွာပြောပုံလေးတွေကို တရေးရေးမြင်ယောင်မိလေ၏။ ထို့ပြင် ဒီလိုဖြစ်ရတာ အစ်မကြီးလည်း တရားခံတစ်ယောက်ဖြစ်တာပဲဟု အောက်မေ့မိလေ၏။

ကိုထွန်းမြတ်ကို ဘာများမကျေနပ်စရာရှိပါသလဲကွယ်။ ကိုထွန်းမြတ်ကို စိတ်တိုင်းမကျတောင်မှ ကလေးတွေရဲ့မျက်နှာကို ထောက်ထားညှာတာသင့်ပါတယ်။ ယခုတော့ ကလေးတွေဟာ မိတဆိုးလေးတွေဖြစ်ကုန်ကြပြီဟု ဆက်လက်တွေးတောပြီးလျှင် ကလေးတွေကို အတိုးနှင့်ချစ်ခင်ပြုစု၍ လိမ္မာရေးခြားရှိရန်အတွက် စဉ်းစားနေလေ၏။ ဦးသာဒွန်းက ရုံးချိန်နီးကြောင်းလာပြောသောအခါ မောင်ထွန်းမြတ်မှာ အိပ်မက်မှလန့်နိုးသောသူကဲ့သို့ ရုတ်တရက်ထ၍ ရုံးသို့ စိတ်လက်မအီမသာညှိုးငယ်စွာ ထွက်သွားလေ၏။

■ ■ ■ ■ ■

**အခန်း(၂၅)**

**"တစ်နေ့သ၌ ည ၈ နာရီအချိန်ခန့်တွင် မောင်ထွန်းမြတ်သည် အိမ်ဦးခန်းရှိ ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် စာတစ်အုပ်ကိုဖတ်လျက် အစ်မကြီးမဂျမ်းပုံလည်း ချမ်းအေးလှသည်နှင့် စောင်ကြီးတစ်ထည်ကိုခြုံ၍ အနီးရှိ ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိကြရာ အိမ်ပြင်၌ကား ပြာသိုလအတွင်းဖြစ်၍ ဆီးနှင်းတို့သည် ပတ်ဝန်းကျင်အရပ်တို့၌ ပိတ်ဝိုင်းဝေဆိုင်းလျက်ရှိရကား လမ်းမီးအိမ်တို့သည် အလင်းရောင်မထွက်နိုင်ဘဲ မှေးမှိန်လျက်ရှိကြကုန်၏. . ."**

တစ်နေ့သ၌ ည ၈ နာရီအချိန်ခန့်တွင် မောင်ထွန်းမြတ်သည် အိမ်ဦးခန်းရှိ ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် စာတစ်အုပ်ကိုဖတ်လျက် အစ်မကြီးမဂျမ်းပုံလည်း ချမ်းအေးလှသည်နှင့် စောင်ကြီးတစ်ထည်ကို ခြုံ၍ အနီးရှိကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိကြရာ အိမ်ပြင်၌ကား ပြာသိုလအတွင်းဖြစ်၍ ဆီးနှင်းတို့သည် ပတ်ဝန်းကျင်အရပ်တို့၌ ပိတ်ဝိုင်းဝေဆိုင်းလျက်ရှိရကား လမ်းမီးအိမ်တို့သည် အလင်းရောင်မထွက်နိုင်ဘဲ မှေးမှိန်လျက်ရှိကြကုန်၏။ အိမ်တွင်း၌ကား ခန်းဆီးလိုက်ကာ၊ ကော်ဇောစသည်ဖြင့် ခမ်းနားကောင်းမွန်၍ နေထိုင်ချင်ဖွယ်ခင်းကျင်းပြင်ဆင်လျက်ထားရာ ဓာတ်မီးရောင်သည်လည်း တောက်ပကြည်လင်သောအရောင်ဖြင့် တစ်ခန်းလုံးထိန်ထိန်လင်းလျက် လက်ဖက်ရည်ကရားသည်လည်း အနီးရှိလေမီးဖို၌ ဆူလျက်ရှိလေ၏။ အစ်မကြီး မဂျမ်းပုံသည် ကုလားထိုင်တွင် ထိုင်နေရာမှ နှာစေးသဖြင့် တစ်ချက်တစ်ချက်နှာခေါင်းရှုံ့လျက်နေရာ မဂျမ်းပုံသည် ဤမျှလောက် နှာစေးခေါင်းကိုက်ရောဂါမျှကို ပမာမပြုလောက်ဟု အောက်မေ့သဖြင့် အိပ်ရာသို့ဝင်၍ မအိပ်သေးဘဲ အခါတိုင်းကဲ့သို့ပင် ထိုင်လျက်နေလေ၏။ "ဒီနှမ်းမနဲ သွားစားမိလို့ ငါဒီလိုဖြစ်တာ၊ ဘယ်တော့မှ ငါ ဒီလိုများမဖြစ်ဖူးပါဘူး"ဟု ပြော၍ မောင်ထွန်းမြတ်လည်း စာဖတ်ရာမှ မော်ကြည့်နေလျှင် "မင်းကငဲ့ ဘာပြုံးကြည့်ရတာလဲ နှမ်းမနဲစားမိလို့ မဟုတ်ဘူးလား"

"နှမ်းမနဲစားတာနဲ့ ဒီလိုဖြစ်ပ့ါမလား အစ်မကြီးရယ်၊ အများကြီးများစားရင်ဖြင့် မပြောတတ်ဘူး"

"မင်းဘာမှ စဉ်းစားဉာဏ်မရှိဘဲကိုးကွဲ့၊ ဘာဖြစ်ဖြစ် ဘယ်တော့များ ငါ့ပါးဖြဲနားဖြဲသိပ်စားဖူးလို့လဲ" ဟု စိတ်တိုသောအသံဖြင့်ပြောလျှင် မောင်ထွန်းမြတ်လည်း ပြန်၍မပြောဘဲ စာဖတ်လျက်နေလေ၏။

မဂျမ်းပုံလည်း နှာစေး၊ ချောင်းဆိုး၊ အသံဝင်၊ လည်ချောင်းနာ၊ ခေါင်းကိုက်ဖြစ်နေ၍ နေရာတွင် အငြိမ်မနေနိုင်ဘဲ ထချည်ထိုင်ချည်နေရာပြောင်းချည်လုပ်လျက်နေရာမှ-

"ဘယ်နှနာရီရှိပြီလဲဟေ့"

"ကိုးနာရီ ထိုးလုပြီ"

"ဒါဖြင့် ငါအိပ်မှ ထင်တယ်"

"ကော်ဖီမဖျော်ဘူးလား အစ်မကြီးရဲ့"ဟု ပြော၍ ကော်ဖီတစ်ခွက်စီဖျော်သောက်ကြပြီးလျှင် မဂျမ်းပုံလည်း အိမ်ပေါ်သို့တက်သွားလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ကျောက်ဖြူတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံတပ်နယ်မှတာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် ကျောက်ဖြူတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

**→ ကျောဖုံးမှအဆက်**

အဖွဲ့လိုက်ပြိုင်ပွဲအကြိုဗိုလ်လုပွဲပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲပွဲစဉ်များအဖြစ်ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲပွဲစဉ်တွင်ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲပွဲစဉ်တွင်ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်းယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ်လ ၃၀ ရက် နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များနှင့်ပိုက်ကျော်ခြင်း (အမျိုးသမီး)လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ မြဝတီ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွံတေးမြို့နယ် မွေးမြူရေးဇုန်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးဇုန်များအလိုက်ကော်မတီများဖွဲ့စည်းထားရှိမှု၊ မွေးမြူရေးဇုန်များကို အပိုင်းအလိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မွေးမြူရေးဇုန်များအလိုက် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါး နှင့် ငုံးများမွေးမြူထားရှိမှု၊ မွေးမြူရေးဇုန်များမှ အသား၊ ငါးနှင့် ဥများထုတ်လုပ်ရောင်းချနိုင်မှု၊ မွေးမြူရေးဇုန်များအတွက် ရေလုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံးရေတင်လုပ်ငန်းများဖြင့် ရေဖြန့်ဝေပေးလျက်ရှိမှု၊ ဇုန်များအလိုက် လျှပ်စစ်မီးလုံလောက်စွာရရှိရေး

စာမျက်နှာ ၅ ကော်လံ ၁ ❐



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ် မွေးမြူရေးဇုန်အတွင်း ဝက်မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း သုံးယောက်တွဲ အဖွဲ့လိုက် (အမျိုးသား)ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် (အမျိုးသမီး)ပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးအသင်း ရွှေတံဆိပ်ဆုဆွတ်ခူးရရှိ



နေပြည်တော် ဩဂုတ် ၂၉

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိအားကစားရုံ(A)၌ ကျင်းပခဲ့သည်။

ယနေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲ

စာမျက်နှာ ၃၁ ကော်လံ ၄ →


## 2027 AFC U 20 Asian Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K)ပွဲစဉ်များအား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၉

2027 AFC U 20 Asian Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K) ပွဲစဉ်များအား ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၆ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ခြေစစ်ပွဲစဉ်များအား ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဩဂုတ်လ ၃၁ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် သီရိလင်္ကာအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ မြဝတီ

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်



နေပြည်တော် ဩဂုတ် ၂၉

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် – ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။

စာမျက်နှာ ၂၉ ကော်လံ ၁ ➢

## ရန်ကုန်-ပြည်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စာ – ၂၄ သို့

## MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် PACIFIC SUN FAR အသင်း ရှုံးပွဲမရှိစံချိန်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်

စာ – ၂၉ သို့

## နောက်ကျသွင်းဂိုးများနဲ့ အိမ်ကွင်းမှာနိုင်ပွဲရခဲ့တဲ့ ရောဝတီယူနိုက်တက်

စာ – ၂၉ သို့